မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ စနေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနှုန်းကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အများပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် သာစည်-ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန်လူစီးရထားနှင့် အောင်ပန်း-ကလော၊ ကလော-မြင်းခိုက် Tour Train (RGC)ရထားများ ပြန်လည်ပြေးဆွဲပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီစူပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက်ပျက်စီးမှုများကို ဦးစားပေး၍ **စာမျက်နှာ ၅ ကော်လံ ၁** ❑

သာစည်-လှိုင်းတက်ကြား တံတားအမှတ်(၂၈)ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



အတူတွဲယှဉ် စုံစုံလင် ယူနန် - မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင် အခမ်းအနားကျင်းပ



စာ - ၁၁ သို့

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME ကို အားပေးမြှင့်တင်

ဆောင်းပါး စာ - ၁၃ သို့

စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဓာတ်ဆီ(RON 68)အား အသုံးပြုရန်သင့်လျော်သည့်မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီဖြစ်ရှိဖြူးရောင်းချနေမှု၊ သုံးစွဲမှုနှင့်ပတ်သက်ပြီး ပြည်သူများလေ့လာသိရှိနိုင်ရေးအတွက် "ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့" ဆောင်းပါးအပိုင်း(၁)အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် လည်းကောင်း၊ အပိုင်း(၂)အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့များတွင်လည်းကောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများထံသို့ အသိပေးဖော်ပြထားပြီးဖြစ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၄** ❐

နေပြည်တော်၌ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော် ပျဉ်းမနားမြို့ "မင်္ဂလာကန်တော်ခန်းမ" (မြင်းရုပ်အနီး)၌ကျင်းပပြီး ဆေးကုမ္ပဏီ ၄၀ မှ ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၄** ❍



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်)

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရေးဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နမအားလုံးတို့သည် နိုင်ငံ၏ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်စည်းလုံးညီညွတ်စွာ ယှဉ်တွဲနေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားတို့၏စည်းလုံးညီညွတ်မှု ခိုင်ခိုင်မာမာရှိခဲ့ကြောင်းကို အင်္ဂလိပ်-မြန်မာစစ်ပွဲများဖြစ်လေတိုင်း တိုင်းရင်းသားတို့ပါဝင်တိုက်ခိုက်ခဲ့ကြသည်ကို လေ့လာသိရှိနိုင်သည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်မှစ၍ မတရားကျူးကျော်စစ်သုံးကြိမ်ပြုခဲ့ပြီး ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်စေခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာနေသည့်မြန်မာတို့ကို တောင်ပေါ်မြေပြန့်တစ်ခုချင်းစီတွင် ဥပဒေများပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ ပြည်မကိုအုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်အခါ နယ်ချဲ့အင်္ဂလိပ်တို့၏သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားအချင်းချင်းသံသယစိတ်ဖြင့် ယုံကြည်မှုကင်းမဲ့ခဲ့သည်။ ထို့ပြင် နိုင်ငံရေးပါတီများ၏အာဏာလွန်ဆွဲမှုပြင်းထန်လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီးမကြာမီအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့သည်။

အလားတူ နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုဖော်ဆောင်ခဲ့ကြသည်။ လွတ်လပ်ရေးရခဲ့သော်လည်း လွတ်လပ်ရေး၏အနှစ်သာရကိုမခံစားရဘဲ နိုင်ငံအဝန်းတိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း(၇၆)နှစ် ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခမည်သည့်အကြောင်းကြောင့်ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လိုအပ်ပါသည်။ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ရာမှ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်သည်။ နိုင်ငံအတွက်တည်ငြိမ်အေးချမ်းမှုမရှိခြင်းကိုသတိပြုသင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝကြစေရန်နှင့်ပညာပြည့်ဝပြီး လူစွမ်းအားအရင်းအမြစ်များ ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်"** ဟူ၍ဖော်ပြပါရှိသည်။

လူငယ်မောင်မယ်များ၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာရေးကိုသင်ယူကြရမည်ဖြစ်သည်။ အတွေးအခေါ်၊ အသိအမြင်မှန်ကန်ရေးကို ပညာမှတစ်ဆင့် သိမြင်လိမ္မာကြမည်ဖြစ်သည်။ ပညာမပြည့်စုံသောကလေးများကြီးပြင်း၍ အရွယ်ရောက်လာသည့်အခါ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနားလည်ရန်ခက်ခဲနေမည်ဖြစ်သည်။ ထို့ကြောင့်မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများ ကျောင်းသို့ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို သက်ဆိုင်သူအားလုံးက အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ သို့မှသာ လူငယ်မောင်မယ်များအားလုံး ပညာပြည့်ဝနှလုံးလှကာ မိမိတို့တတ်မြောက်ထားသောပညာရပ်များဖြင့် လူမှုစီးပွားဘဝရပ်တည်နိုင်မည်ဖြစ်သည်။

လက်ရှိနိုင်ငံတွင်း၌ဖြစ်ပေါ်နေသည့်မတည်ငြိမ်မှုများနှင့် ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကိုဆောင်ရွက်နေသည်ဟုဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားသဖြင့်ရယူရန်ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျဖြေရှင်းခဲ့ခြင်းမရှိခဲ့သည့်အပြင် နောက်ပိုင်းတွင် လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကိုပါ ရွေးချယ်ခဲ့ကြသောကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ဆင်ပေါင်ဝဲမြို့၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာများ၌ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများအနက် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသောကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှမရရှိသေးသည့် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေးနှင့်ပိုလီယို ရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးပေးခြင်းများနှင့်အတူ ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေး

နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးပေးခြင်းကို ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရန်ကင်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ရန်ကင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရန်ကင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို တတိယအကြိမ် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၇ သိန်းကို အတိုးနှုန်းသက်သာစွာ အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

ကာရံ(ကျေးလက်)

သဇင် (FM) အသံလွှင့်အစီအစဉ်

၂၅-၁-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ ခနဉ်စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်း၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖြော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

“(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” (ပဉ္စမနေ့) ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ”ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ပြောင်းလဲတိုးတက်လာသည့် ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာများကို ကျန်းမာရေးပညာရှင်များ သိရှိနားလည်စေရန်ရည်ရွယ်လျက် “အနာဂတ်၏ ကျန်းမာရေးပညာရှင်များကို ပုံဖော်ရာတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုခြင်း” “Artificial Intelligence: Shaping the Next Generation of Health Professionals”ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာဖေသက်ခင်နှင့် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းတို့ကဆောင်ရွက်ကြပြီး အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-မန္တလေးဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမောင်မောင်ဦးက ဆေးပညာသင်ကြားရေးတွင် ဉာဏ်ရည်တုနည်းပညာ၏အရေးပါမှုနှင့် သင်ယူမှုပတ်ဝန်းကျင်တွင် ပြောင်းလဲအသုံးဝင်မှုများကို “AI in Medical Education: Transforming Learning Environments” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်-တောင်ကြီး ဆေးပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာအောင်ကျော်သူက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်းဆိုင်ရာကျင့်ဝတ်နှင့် စိန်ခေါ်မှုများအကြောင်းကို “Ethics and Challenges in AI-Integrated Healthcare” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ ဌာနမှူး ပါမောက္ခဒေါက်တာပပစိုးက ဆေးပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ၏အခန်းကဏ္ဍကို “Roles of AI in Medical Research”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရောဂါဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မျိုးထွန်းက ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းစဉ်များတွင် ဉာဏ်ရည်တုနည်းပညာ၏အသုံးဝင်မှုများအကြောင်းကို “AI Applications in Clinical Diagnosis and Treatment” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရှင်များက မေးခွန်းများ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြရာ သဘာပတိကြီးများနှင့် ဟောပြောသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Professor Yinzi Jin က မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန် လူထုအခြေပြုကျန်းမာရေးလုပ်သားများ၏ အလုပ်တာဝန်ခွဲဝေရွေ့ပြောင်းခြင်းဆိုင်ရာအကောင်အထည်ဖော်မှုနည်းဗျူဟာခေါင်းစဉ်ဖြင့်လည်းကောင်း၊



တရုတ်ပြည်သူ့သမ္မတနိုင်ငံ Peking University မှ Dr Yikai Feng က ဝင်ငွေနည်းပါးခြင်းနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများတွင် လူထုအခြေပြုကျန်းမာရေးလုပ်ငန်းများကိုထောက်ပံ့ပေးရန်အကောင်အထည်ဖော်မှု နည်းဗျူဟာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ Bangabandhu Sheikh Mujib Medical University မှ Dr Fatema Shabnam က မိခင်ကျန်းမာရေးစောင့်ရှောက်ပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ရောင်ခြည်ဌာနရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ရွှေက လက်ရှိကာလမြန်မာနိုင်ငံတွင် ကင်ဆာဓာတ်ရောင်ခြည်ကုသပေးနေမှုအခြေအနေများခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲသို့တက်ရောက်သော ဆရာကြီး၊ ဆရာမကြီးများက မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် သုတေသနညီလာခံပိတ်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာအေးအေးခင်က အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာသုံးသပ်ချက်များ၊ ဆုရရှိသည့်စာတမ်းများနှင့်ဆုရရှိသည့်ပိုစတာများကို ကြေညာသည်။

အကောင်းဆုံး အခြေခံသုတေသနစာတမ်းပထမဆုကို မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမြတ်မြတ်မိုးနှင့် အဖွဲ့၏ “အိပ်ချိန်အိုင်ဗီဗိုင်းရပ်အမျိုးအစား(၁)မျိုးရိုးဗီဇနှင့်ပထမအဆင့် အိပ်ချိန်အိုင်ဗီကုသဆေး ဆေးမတိုးသောအိပ်ချိန်အိုင်ဗီဗိုင်းရပ်အမျိုးအစား(၁)ရှိသော ရောဂါသည်များရှိ ဆေးယဉ်ပါးမှုအား လေ့လာခြင်း” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးအသုံးချသုတေသန စာတမ်းပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာဖြူဝင်းအိနှင့်အဖွဲ့၏ “ရန်ကုန်တိုင်းအတွင်းရှိ အိုက်ဆိုနိုက်ယာဇစ်ဆေးယဉ်ပါးတီဘီလူနာများတွင် ပုံမှန်နည်းများဖြင့်ရောဂါရှာဖွေမရနိုင်သော အိုက်ဆိုနိုက်ယာဇစ်နှင့် ရိုင်ဖန်ပီစင်ဆေး နှစ်မျိုးယဉ်ပါးတီဘီများတွေ့ရှိခြင်း(၂၀၂၃-၂၀၂၄)” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးကျန်းမာရေးစနစ်သုတေသနစာတမ်းပထမဆုကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒေါက်တာစိုးမင်းဦးနှင့် အဖွဲ့၏ “မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအားလေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှုသုတေသနတွင်တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှုပုံနှံ့မှု” သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးပိုစတာပထမဆုကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါက်တာစိုးမင်းဦးနှင့်အဖွဲ့၏ “ဆီးချိုရောဂါအကြိုရှိသူများတွင် ပြင်းထန်သောအေရိုးဗစ်လေ့ကျင့်ခန်း သို့မဟုတ် ခွန်အားလေ့ကျင့်ခန်းတို့အနက် နှလုံးနှင့်ဇီဝဖြစ်စဉ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန် အတွက် မည်သည့်လေ့ကျင့်ခန်းက ပိုကောင်းသနည်း” သုတေသနပိုစတာကလည်းကောင်း၊ လူငယ်သုတေသီဆု(အသုံးချသုတေသန)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာထက်စုလှိုင်နှင့် အဖွဲ့၏ “ကိုယ်ဝန်ဆောင်ဆီးချိုလူနာများတွင် ပရိုဘိုင်အိုတစ်ဖြည့်စွက်စာတိုက်ကျွေးခြင်းဖြင့် ကိုယ်ဝန်ဆောင် ဆီးချိုလူနာများ၏ အင်ဆူလင်ခုခံအားမြင့်မားမှုပြောင်းလဲခြင်းအကျိုးသက်ရောက်မှုကိုလေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း ရရှိခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်းနှင့်ဆီခန်းမ၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက လူကုန်ကူးခံရနိုင်သူများ၊ ဖြစ်ပွားသည့် လူကုန်ကူးမှုအမျိုးအစားနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့ စခန်းမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သောင်းရွှေက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများ၊ မှုခင်းဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် သတိပြုရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တက်ရောက်လာသူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

ကျော်သူရ(ကော့မှူး)

စွမ်းအင်ဝန်ကြီးဌာနမှ

ပြည်တွင်းထုတ်ဓာတ်ဆီကို ပထမအဆင့်အနေဖြင့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင် စုစုပေါင်း သုံးဆိုင်တို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှစတင်၍ တစ်လီတာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် မော်တော်ဆိုင်ကယ်နှင့်သုံးဘီးယာဉ်များကိုသာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်သူများ၏တောင်းဆိုချက်အရ ဒုတိယအဆင့်အနေဖြင့် RON 68 အသုံးပြုရန် သင့်လျော်သည့်အများပြည်သူပိုင်မော်တော်ယာဉ်များနှင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များအား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှစတင်၍ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို သုံးစွဲခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုသက်သာစေခြင်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊ ပြည်သူလူထုများနေ့စဉ်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက် ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ


ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

တပေါင်းလပြည့်ကျော် ၅ ရက် ည ၉ နာရီအချိန်ခန့် (လထွက်ချိန်)တွင် ကျွန်ုပ်တို့အိမ်မှ လှည်းနှစ်စီးနှင့် အရပ်ထဲမှ လှည်းလေးငါးစီးတို့သည် တစ်အိမ်ကို တစ်အိမ်အသံပြုကာ တစ်ပြိုင်တည်း အတူတကွ ထွက်လာကြ၏။ ကျွန်ုပ်မှာ ရင်ထဲ၌ မြူးထူးလွန်းလှ၍ မအောင့်နိုင်သည်နှင့် တေးချင်းတစ်ပုဒ်ဟစ်၍ ဆိုလိုက်မိသည်။ ကျွန်ုပ်တို့အိမ်မှ လှည်းနှစ်စီးအနက် တစ်စီးတွင် ကျွန်ုပ်တို့အိမ်သားများနှင့် မိန်းမအလုပ်သမားများပါကြ၍ တခြားတစ်စီးတွင် ယောကျ်ားအလုပ်သမားများနှင့် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာကြရာ ဖခင်မူကား အပျော်အပါးမကြိုက်ဟုဆိုကာ မလိုက်ပါချေ။ မှန်သောစကားကိုဆိုရပါလျှင် ကျွန်ုပ်သည် လွတ်လွတ်ကျွတ်ကျွတ်ပျော်ချင်သောကြောင့် ဖခင်မလိုက်ပါခြင်းအတွက် ဝမ်းသာသည်။ ကျွန်ုပ်၏ ဖခင်မှာ အင်္ဂလိပ်အခေါ်အားဖြင့် (Kill Joy) ပျော်ခြင်းကို မကြည့်နိုင်သူဟု ခေါ်ရမည်ထင်သည်။

အောင်ပင်လယ် ကန်ရိုးတစ်လျှောက်

ကျွန်ုပ်တို့၏အရပ်မှ လှည်းများသည် အောင်ပင်လယ်ကန်ရိုးသို့ ရောက်ကြသောအခါ လှည်းတန်းရှည်ကြီးနှင့်ဆုံမိကြ၍ ယင်းအထဲ၌ နေရာယူကာ အပါအဝင်ပြုလျက် မောင်းနှင်ကြလေ၏။ ထိုအချိန်၌မူ လမင်းသည် အတော်မြင့်လာပြီဖြစ်၍ လှည်းတန်းကြီး၏ရှည်လျားခြင်းကို မြင်နိုင်လေပြီ။ သို့ရာတွင် မည်မျှလောက်ရှည်လျားသည်ကို မမြင်နိုင်ချေ။ မန္တလေးတစ်မြို့လုံးမှ ဘုရားပွဲသွားများသည် ဤအချိန်တွင် ဤနေရာသို့ရောက်အောင် (လနာ၈ဖြင့်) လှည်းမောင်းလာခြင်းဖြစ်သောကြောင့် တစ်ပေါင်းတည်းဆုံမိကြရာတွင် နှစ်ပြာ၊ သုံးပြ ရှည်လျားပါလိမ့်မည်။ ထိုစဉ်ကမူ ဗီရိုလှည်းတစ်စီးတလေမှ တစ်ပါး မြင်းရထား၊ မြင်းလှည်း၊ မော်တော်ကား၊ ဒေါက်ကပ် စသောယာဉ်မျိုးမပါ။ ပေါင်းမိုးကြီးနှင့် နွားလှည်းတွေချည်းဖြစ်ကြ၍ အနေးအမြန်မရှိ။ တစ်စီးကိုတစ်စီးက ကျော်တက်ခြင်းလည်းမရှိ။ (လမ်းကျဉ်းသောကြောင့် ကျော်တက်ရန်လည်းမဖြစ်နိုင်) တစ်စီးနောက်မှတစ်စီး တဖြည်းဖြည်း၊ တအိအိဖိမ်ရှိရှိနှင့် မောင်းနှင်ကြလေသည်။ အောင်ပင်လယ်ကန်မှာ ကန်ဟူ၍ခေါ်ကြသော်လည်း စင်စစ်အားဖြင့် အရှေ့တောင်ရိုးမှ စီးကျလာသောမိုးရေများကို တာရိုးဖြင့် ဆီးကာထားခြင်းဖြစ်သောကြောင့် 'တစ်ဖက်ဆည်' ကြီးမျှသာဖြစ်လေရာ ထိုစဉ်က



နွေရာသီဖြစ်၍ ရေမရှိသော်လည်း ယခုကဲ့သို့ လယ်ကွက်များမဟုတ်ဘဲ ကန်စွန်းပင် အစရှိသည့် ဟင်းရွက်ပင်များပေါက်ရောက်လျက်ရှိ၏။ ဘုရားသွားများသည် သူခိုး၊ ဓားပြလည်း မကြောက်ရ။ အချိန်လုပ်အလုပ်လုပ်ကြသောခေတ်မဟုတ်သဖြင့် ကတိုက်ကရိုက်လည်း သဘောမထားဘဲ လသာသာတွင် လှည်းသံတအိအိနှင့် မောင်းနှင်လာကြရာ လှည်းများပေါ်မှလည်းကောင်း၊ လှည်းများနံဘေးမှ ခြေကျင်လျှောက်သူများကလည်းကောင်း တေးသီချင်းသံ တဟိုဟိုနှင့် ကန်ပေါင်ရိုးတစ်ခုလုံး ဆူညံလျက်ရှိ၏။ တောင်ပြန်ပွဲ၊ ရတနာဥဂ္ဂပွဲ စသည့်နတ်ပွဲများကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ခြင်းမရှိဘဲ ဣန္ဒြေရရနှင့်သွားကြရာ ဝါသနာပါသောယောကျ်ား ကလေးအဖွဲ့၊ မိန်းကလေးအဖွဲ့များက တစ်ချီတစ်ချီတွင် လှည်းပေါ်မှဆင်းကာ ကခုန်သီဆိုကြပြီးနောက် အားရသောအခါမှ လှည်းပေါ်သို့ပြန်တက်ကြလေ၏။ ကျွန်ုပ်မှာ အလုပ်သမားများထံမှ ကျက်မှတ်ထားသည့် ဆရာပုဇ္ဈတေးချင်း၊ ကိုဘကျော်၏ မြိုင်ထ၊ စံပယ်သက်ကြီး၏ ပတ္တမြားမှန်ဂူ (ဆဒ္ဒန်ဆင်မင်းတေးလား) စသည်များကို သုံးထပ်လေးထပ်မကဆိုပြီး သဖြင့် မောခဲ့လေပြီ။ မိခင်သင်ပေးသည့် ဗျို့၊ ကြိုး စသည်တို့မှာ ဤနေရာမျိုးနှင့် မလျော်သောကြောင့် ချန်ထားလိုက်ရသည်)

အေးအေးဆေးဆေးခေတ်

ရာပေါင်းများစွာပါဝင်သည့် လှည်းတန်းကြီးဖြစ်၍ တစ်ခါတစ်ရံတွင် လှည်းတစ်စီးတလေမျှ 'ဝင်ရိုး' ကျိုးတတ်သေးရာ ထိုအခါတွင် လှည်းတန်းကြီး တစ်တန်းလုံး ရပ်နားကာ လှည်းသမားအားလုံး ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြရ၏။ အချိန်အစိုးရသကဲ့သို့ရှိသောခေတ်ဖြစ်ပြီး 'မပြီးသေးဘူးလား'၊ 'မြန်မြန်လုပ်ကြစမ်းပါ'၊ 'နောက်ကျနေလိမ့်မယ်' စသည်ဖြင့် ညည်းညူခြင်း၊ ရေရွတ်ခြင်းမရှိ။ လှည်းသမားတွေ အလုပ်လုပ်ခိုက်တွင် ဘုရားသွားများသည် ဟိုမှာတစ်ဝိုင်း သည်မှာတစ်ဝိုင်း စသည်ဖြင့် စုရုံးကာ သီဆိုကခုန်နေကြ၏။ လှည်းသမားများမှာ လှည်းဝင်ရိုးအတွက် သစ်ပင်ခုတ်သူခုတ်၊ ဖြတ်သူဖြတ်၊ ထစ်သူထစ်၊ ဖြောင့်သူဖြောင့်၊ ရွှေသူရွှေ 'တစ်ယောက်တစ်ချက် ကျောင်းသားလက်' ဟူဘိသို့ ဝိုင်းဝန်းလုပ်ကိုင်လိုက်ကြရာ ဘာမျှကြာသေးသည် မထင်ရမီ ဝင်ရိုးတစ်ချောင်း ခုတ်ပြီး၊ ချောပြီး၊ သွင်းပြီးဖြစ်၍ ဆက်လက်ထွက်နိုင်ကြလေပြီ။

ပျော်ရမှကျနပ်သောလူမျိုး

တံတိုင်းရှည်ရှာသို့ ရောက်ကြသောအခါ ကာလသားများသည် လှည်းများပေါ်မှ အလျှိုအလျှိုနှင့် ဆင်းသွားကြ၍ အိုးကလေးများဆွဲကာ ပြန်လာပြီး လှည်းပေါ်သို့ပြန်တက်ကြ၏။ ဤကား တခြားမဟုတ်။ 'ပင်ကျရေ'ခေါ် ထန်းရည်ခါးဝယ်ကြခြင်းဖြစ်၏။ လှည်းတန်းကြီးကား မရပ်၊ သူဝင်ငါထွက်ဖြင့် တစ်ယောက်တစ်လှည့်စီ ဝယ်ကြခြင်းဖြစ်ကြ၏။ ဘုရားပွဲသို့သွားကြခြင်းဖြစ်သော်လည်း ပျော်ရွှင်မှုကို လက်မလွှတ်ချင်။ အသုဘချရာ၌ပင် စိန်ပန်းသူတော်၏ ဒိုးပတ်ဝိုင်းကတီး၍ ဘုန်းတော်ကြီး၏ ခေါင်းကိုမြောက်ကစားသော လူမျိုးဖြစ်သောကြောင့် ထန်းရည်သောက်ခြင်းမျှလောက်အတွက် အံ့သြစရာမဟုတ်ပေ။ သို့ရာတွင် ဤဘုရားပွဲ၏ ချီးကျူးဖွယ်တစ်ခုမှာ ကာလသားများ၏လှည်းများ၌ ကိုယ့်'မြူ'အိုးနှင့်ကိုယ် မော့ကြသော်လည်း တောင်ပြုန်းစသည့် နတ်ပွဲမျိုးမှာကဲ့သို့ မူးသံ၊ ရစ်သံ၊ မတော်တရော်ပြောင်လျောင်သံဟူ၍ တစ်ခွန်းမျှပင် မကြားရချေ။ ကျွန်ုပ်တို့၏လှည်းမှ အလုပ်သမားများလည်း ဘုရားဒကာများမဟုတ်ကြသဖြင့် မြူအိုးများ ဝယ်သောက်ကြ၍ ကျွန်ုပ်အားလည်း ပေးကြသေး၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုစဉ်က ဤ'စာ' အထိမတက်ရသေးသဖြင့် ငြင်းလိုက်နိုင်ပါသည်။ အမှန်မှာ မိခင်တစ်ယောက်လုံးပါသည့်ပွဲမျိုးတွင် ဤမျှလောက် 'စာကြီးပေကြီး' တက်၍ သင်ရန်မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ တစ်ကြောင်းမှာလည်း ကျွန်ုပ်သည် ဖခင်ကိုကြောက်သလောက် မိခင်အား ရိုသေလေးစားပါသည်။ ခြားနားပုံကား ကြောက်ခြင်းဟူသည်မှာ မမြင်ကွယ်ရာတွင်လုပ်တတ်၍ ရိုသေလေးစားခြင်းမူကား မျက်မှောက်မျက်ကွယ်မရွေး သြဇာညောင်းတတ်ခြင်းပင်ဖြစ်လေသည်။

ကြောက်သော်လည်း ပျော်၏

လှည်းတန်းကြီးသည် အရဏ်မတက်မီအချိန်တွင် ရွှေစာရံ မုန်တောသို့ဝင်လာကြရာ တချို့နေရာများ၌ အင့်တထောင်းထောင်းရှိသောဆင်ချေးပုံကြီးများကို တွေ့သူများတွေ့ကြ၏။ ချေးပုံကြီးများမှာ ဆင်ယဉ်များ စွန့်ခဲ့ခြင်းမဟုတ်။ ဆင်ရိုင်းများ၏ ပစ္စည်းဖြစ်သည်ဆိုသဖြင့် လှည်းများပေါ်၌ အသက်မရှူဝံ့ဘဲ ကုပ်၍လိုက်သောမိန်းကလေးများလည်းရှိကြ၏။ ကျွန်ုပ်မူကား အဆန်းအသစ်ဆိုလျှင် ကြည့်ချင်တတ်သောဝါသနာနှင့် စွန့်စားချင်တတ်သောအထုံအလေ့ကြောင့် တခြားလူများတွေ့သည်ဆိုသောနေရာသို့ လှည်းပေါ်မှဆင်း၍ သွားကြည့်မိအောင်ကြည့်ခဲ့ပါသေးသည်။ ချေးပုံကြီးကို မြင်ရသောအခါ၌ မကြောက်တတ်သည် မဟုတ်၊ ကြောက်ခဲ့ရပါ၏။ သို့ရာတွင် ကြောက်ရခြင်းသည်ပင်လျှင် အရာသာတစ်ခုဖြစ်သည်ဟု ကျွန်ုပ် ယူဆမိပါသည်။ ဆင်ရိုင်းခြေရာများကား အနှံ့အပြားပင်တွေ့ခဲ့ကြရသဖြင့် ဤဘုရားပွဲသို့လာရခြင်းမှာ စွန့်စားခန်းကြီးတစ်ခု (Great Adventure) အနေဖြင့် အမှတ်ထင်လျက်ရှိပါတော့သည်။

ဆက်လက်ဖော်ပြပါမည်။

သဃ်ိန်းကျွန်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်က သဃ်ိန်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-7 မှ မောင်ကောင်းခန့်ဇော်က လူငယ်နှင့် နည်းပညာ၊ Grade-9 မှ မအိမြတ်ပြည့်ဖူးက လူငယ်နှင့်စာရိတ္တ၊ Grade-9 မှ မဆုဝေဖြိုးက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-8 မှ မထက်ထက်ဝင်းက လူငယ်နှင့်ကျန်းမာရေး၊ Grade-6 မှ မရတီလင်းဟန်က လူငယ်နှင့်စာပေ၊ Grade-9 မှ မောင်အောင်ခန့်ငြားဖြိုးက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြ



သည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်ကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများ နှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

❑ **ရွှေဖိုးမှအဆက်**

ပြုပြင်နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေးရထားလမ်း တောက်လျှောက် ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများနှင့် ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနိုင်ခဲ့သည်။

ထို့အတူ သာစည်-ရွှေညောင်လမ်းပိုင်းအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် ဇန်နဝါရီလ ၂၈ ရက်တွင် လမ်းပိုင်းအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်လူစီးရထားကို ဇန်နဝါရီလ ၃၁ ရက်(သောကြာနေ့)တွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန် ရွှေညောင်-သာစည်လူစီးရထားကို ဖေဖော်ဝါရီလ ၃ ရက်(တနင်္လာနေ့)တွင်လည်းကောင်း ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားကို သောကြာနေ့နှင့်အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားကို တနင်္လာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၁၄၁)အဆန်ရထားသည် သာစည်မှ နံနက် ၆ နာရီ ထွက်ခွာ၍ ရွှေညောင်သို့ ညနေ ၅ နာရီတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် ရွှေညောင်မှနံနက်၇နာရီထွက်ခွာ၍သာစည်သို့ ည ၆ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခမှာ ရိုးရိုးတန်း ငွေကျပ် ၉၀၀၀ နှုန်းနှင့် အထက်တန်းလက်မှတ်ခမှာ ငွေကျပ် ၁၂၀၀၀ နှုန်း ဖြစ်သည်။

ထို့ပြင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများအား ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ရေမြေတောတောင်သဘာဝရှုခင်းများ၊ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဟုသုတများ ရရှိစေရန်ရည်ရွယ်၍ အောင်ပန်း-ကလော(အသွား-အပြန်)ခရီးစဉ်နှင့် ကလော-မြင်းခိုက်(အသွား-အပြန်)ခရီးစဉ်များကို ခရီးသည် ၁၅ ဦး လိုက်ပါစီးနင်းနိုင်သည့် RGC ရထားစင်းလုံးငှားခရီးစဉ်အဖြစ် ပုဂ္ဂလိက ခရီးသွားလာရေးအဖွဲ့များ၊ မိသားစုများ၊လေ့လာရေးအဖွဲ့များအနေဖြင့် ခရီးစဉ်တစ်ခုအတွက်(အသွား-အပြန်) ငွေကျပ် ၁၂၀၀၀၀ (ငွေကျပ်တစ်သိန်းနှစ်သောင်း တိတိ) နှုန်းဖြင့် စိတ်ပါဝင်စားသည့် မည်သူမဆို ဇန်နဝါရီလ ၂၄ ရက်မှစတင်၍ ငှားရမ်းစီးနင်းနိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေလမ်းပိုင်းစသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



ဆင်တောင် - မြင်းခိုက်ကြား ရထားလမ်းတာပေါင်ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။





သာစည်-လှိုင်းတက်ကြား ရထားလမ်းတာပေါင်ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။





ခွေးရုပ်-ဆင်တောင်ကြား တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည်ဩဂုတ်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဇီးဖြူကုန်းကျေးရွာရှိလူဦးရေ ၃၈၁၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၇၀၀ ကျော်အကျိုးပြုပေးနိုင်မည့် ဇီးဖြူကုန်းကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ်သိမ်ကုန်းကျေးရွာယာယီရှင်းလင်းဆောင်၌ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့် လည်းကောင်း၊ ကန်ဘဲ့ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ရွှေကန်ဘဲ့စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများအနေဖြင့် ရာသီအလိုက် မိမိတို့ဒေသနှင့်ကိုက်ညီသော သီးနှံများစိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းမှ စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသောနေကြာများကို သမဝါယမအသင်းပိုင်ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်အခြေခံ၊ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ၍ အချောထည်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ညှိနှိုင်းဆွေးနွေး




နေပြည်တော် ဇန်နဝါရီ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ ရွှေပင်လယ်ကြိမ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး ကြိမ်အချောထည်ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းရုံးတွင် သစ်အခြေခံ၊ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များ၊ ဌာနမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် သစ်တောသယံဇာတထုတ်ယူသုံးစွဲခြင်းအား အကန့်အသတ်ဖြင့် ထုတ်ယူလျက်ရှိကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများကို သဘာဝတောများနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ခင်းများမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အလားတူဝါးနှင့် ကြိမ်လုပ်ငန်းများအတွက် သဘာဝတောများမှနှစ်စဉ်ထုတ်လုပ်နိုင်သောဝါးလုံးရေ ၃၁၈ သန်းနှင့်ကြိမ်လုံးရေ ၇၇ သန်းရှိပြီး ပုဂ္ဂလိကဝါးစိုက်ခင်းများတည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် ကြိမ်၊ ဝါး အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် စျေးကွက်သစ်များရှာဖွေရာတွင် ဒေသတွင်းနိုင်ငံများ၏ ပြည်ပတင်ပို့မှု/တင်သွင်းမှုအခြေအနေများကိုလေ့လာပြီး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် စျေးကွက်အခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများ၏ ဖြည့်စွက်တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)



ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/၈၀)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄



မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအခါ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးစီး၍ ရှေ့ပြေးလူဦးရေစာရင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် လူဦးရေစာရင်းများနှင့်သန်းခေါင်စာရင်းမှ ရရှိသည့် လူဦးရေစာရင်းအချက်အလက်များကိုနှိုင်းယှဉ်သုံးသပ်ကာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းပြုစုရာတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိပြီး မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင်မပါရှိမှသာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အတည်ပြုလူဦးရေစာရင်းများပေးပို့ရာတွင် အချက်အလက်ကွဲလွဲမှုနှင့် မပြည့်စုံမှု၊ အချက်အလက်ထပ်နေမှုနှင့် မပါရှိမှုများမဖြစ်စေရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျစိစစ်အတည်ပြု၍ သတ်မှတ်ရက်အရောက် ပေးပို့ကြရန် လိုအပ်ကြောင်း။

ဒေသအချို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိနေကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အခြားဒေသအချို့မှ ယာယီရွှေ့ပြောင်းနေထိုင်မှုများရှိနေသည့်အတွက် ယင်းတို့၏ စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေး၊ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်အဆင့်(၃) လျာထားသတ်မှတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများအား စာရင်းကောက်ယူ၍ စာရင်းပြုစုတင်ပြဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မင်္ဂလာဒုံမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက အသက်ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြား ရရှိပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)ကောက်ယူ၍ ဂဏန်း(၁၀)လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာ၌ဝန်ထမ်းများက ဒေသခံပြည်သူများအား လုပ်ငန်းစဉ်အဆင့်အလိုက် (၅)ဦးကော်မတီဖြင့်စိစစ်၍ ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၉၁ ဦးနှင့် တောတိုက်ရပ်ကွက်မှ ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီး e-ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် တစ်ပါတည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်အား အသိပေးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနအကြီးအမှုဆောင်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားမှုဦးစီးဌာနမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခံတွင်းကျန်းမာနေစေရန် ဆောင်ရွက်ရမည့် အချက်အလက်များကို သတိထားပြီး ကျန်းမာစွာနေထိုင်မှုဘဝပုံစံဖြင့် နေထိုင်နိုင်ရန်၊ ပြည်သူများသက်တမ်းစေ့နေနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)များ တပ်ဆင်ပေးခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ခေတ်မီနည်းပညာစနစ်သုံးသွားဘက်ဆိုင်ရာဆေးပညာ (Digital Dentistry) ဖြင့် ကုသမှုများကို ပြည်သူများလက်လှမ်းမီစေရန် ဘွဲ့လွန်သင်တန်းသားများ၊ သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာ အကူသူနာပြု၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်(သွားတု)တို့ကို တိုးချဲ့မွေးထုတ်ပြီး ပြည်သူများအား သွားနှင့်ခံတွင်းရောဂါကုသပေးခြင်းဝန်ဆောင်မှုတို့ကို သင်ကြားရေးဆေးရုံများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပိုမိုဆောင်ရွက်ကြရန်လိုကြောင်း။

ကျေးလက်ဒေသများအထိ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ရာတွင် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်မီသွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှုများ လျော့နည်းသွားစေရန် ကြိုတင်စစ်ဆေးခြင်းနှင့်ရောဂါကို စောစီးစွာစစ်ဆေးတွေ့ရှိနိုင်ရေးသည် အလွန်ပင်အရေးပါကြောင်း၊ လူတိုင်းပြုစုစောင့်ရှောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ကုသရေးဦးစီးဌာန ပါမောက္ခလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို (၂၀၃၀)တွင် အပြီးသတ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ပါမောက္ခဒေါက်တာမိုးသီတာထွေးက မြန်မာနိုင်ငံသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်(၂၀၂၄-၂၀၃၀)ပါ အချက်အလက်များကိုရှင်းလင်းပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့စဉ်ကျန်းမာရှင်လန်းသောနံနက်ခင်းဖြင့် စတင်နိုင်သောနည်းလမ်းများ

အရုဏ်တက်နံနက်ခင်းတိုင်းသည် တစ်နေ့တာ၏လုပ်ငန်းဆောင်တာများကို ကျန်းမာသန်စွမ်းစွာလုပ်ဆောင်နိုင်စေရန် ပြင်ဆင်ရမည့်အချိန်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော ပုံမှန်နံနက်ခင်းကို ကောင်းမွန်စွာစတင်ရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ လုံလောက်သော အချိန်ပေးရန်လိုအပ်သည်။ ပုံမှန်နံနက်ခင်း လုပ်ရိုးလုပ်စဉ်တစ်ခုသည် မိမိကိုယ်ကို ဂရုစိုက်လေ့ကျင့်ရန်၊ အာဟာရပြည့်ဝရန်၊ နေ့စဉ်ရည်မှန်းချက်တာဝန်များချမှတ်ရန်နှင့် ရှေ့တွင် တွေ့ကြုံရမည့်အခက်အခဲများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြင်ဆင်မှုကို အထောက်အပံ့ဖြစ်စေကြောင်း လေ့လာသုံးသပ်မှုများရှိပါသည်။

အလုပ်သွားရန်လုံလောက်သောအချိန်ပေးပါ

အိမ်၌အလုပ်လုပ်သည်ဖြစ်စေ၊ ရုံးသို့သွားသည်ဖြစ်စေ နံနက်ခင်းလုပ်ရိုးလုပ်စဉ်ကို ပြီးမြောက်အောင်လုပ်ဆောင်ရန်အတွက် အချိန်အလုံအလောက်ရှိရန်လိုအပ်ပါသည်။ အလုပ် သို့မဟုတ် ကျောင်းသွားရန် အလျင်စလိုမလုပ်ဘဲ အချိန်အလုံအလောက်ချန်ထားသင့်သည်။ အထူးသဖြင့် နံနက်စောစောနိုးလေ့မရှိသူများအတွက် အိပ်ရေးဝအောင်အိပ်ရန် နှိုးစက်နာရီကို သင့်လျော်စွာသတ်မှတ်ထားပါ။

ညဘက်တွင်အိပ်ရေးဝအောင်အိပ်ပါ

ညဘက်ကောင်းစွာအနားယူခြင်းသည် နောက်တစ်နေ့တွင် လန်းဆန်းစွာနိုးထရန် ကူညီပေးနိုင်သည်။ အများစုအတွက် တစ်ညလျှင် အနည်းဆုံး အိပ်စက်ချိန်ခုနစ်နာရီမှ ရှစ်နာရီအတွင်း ရှိရမည်ဖြစ်သည်။ အရည်အသွေးကောင်းမွန်သော အိပ်စက်အနားယူခြင်းအတွက် အကြံပြုချက်တချို့မှာ အိပ်ရာမဝင်မီ အရက်နှင့်သရေစာများ၊ အစားအသောက်များများစားခြင်းကို ရှောင်ကြဉ်ပါ။ တီဗွီနှင့် တခြားလျှပ်စစ်ပစ္စည်းများကိုပိတ်ပါ။ ကောင်းစွာအနားယူရန် နှိုးစက်နာရီကို အချိန်သတ်မှတ်ပါ။

နေ့စဉ် အချိန်မှန်အိပ်ရာထပါ

လူတို့၏ Circadian Rhythm ခေါ် သဘာဝစည်းချက်နာရီသည် အိပ်ငိုက်နေချိန်၊ နိုးထချိန်နှင့် မည်သည့်အချိန်၌ဆာလောင်သည်ကို အကျိုးသက်ရောက်စေသည်။ ပုံမှန်မဟုတ်သောစည်းချက်နာရီသည် အိပ်စက်ခြင်းအရည်အသွေးနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ နေ့စဉ်အချိန်မှန်အိပ်စက်ခြင်းနှင့်နိုးထခြင်းသည် မိမိတို့၏ Circadian Rhythm ကိုထိန်းညှိရန်၊ ညဘက်တွင် လွယ်ကူစွာအိပ်ပျော်စေရန်နှင့် နံနက်ခင်းတွင်နိုးထရန်ကူညီပေးနိုင်သည့် နေ့စဉ်အလေ့အကျင့်ကောင်းများဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်က သုတေသနပြုချက်အရ တေးဂီတသံစဉ်၊ တူရိယာသံ သို့မဟုတ် ငှက်သံကဲ့သို့ သဘာဝအသံများဖြင့် ညင်သာစွာနိုးထလာစေရန် အကြံပြုထားသည်။ သို့သော်လည်း အမှန်တကယ်နှစ်သက်သောနှိုးစက်သံကိုရွေးချယ်ခြင်းက အကျိုးအရှိဆုံးဖြစ်နိုင်သည်။

သဘာဝအလင်းရောင်နှင့်ထိတွေ့ပါ

နံနက်ခင်း၏တောက်ပသောအလင်းရောင်သည် ခန္ဓာကိုယ်ကို နိုးထချိန်ရောက်ကြောင်း သဘောပေါက်စေသည့် အဓိကအချက်ဖြစ်သည်။ နိုးလာသောအခါ နေ့အလင်းရောင်နှင့်ထိတွေ့ခြင်းသည် အလင်းနှင့်အမှောင် သဘာဝစည်းချက်နာရီကိုထိန်းသိမ်းခြင်း၏ အရေးကြီးသော အချက်ဖြစ်သည်။ ညဘက်စောစောမှာ ပို၍အိပ်မောကျစေပြီး အချိန်မှန်အိပ်ရာဝင်ရန် ပို၍လွယ်ကူစေသည်။ ထို့ပြင် ခန္ဓာကိုယ်မှ နေရောင်ခြည်ထိတွေ့မှုဖြင့်ဖန်တီးပေးသော ဗီတာမင် D သည် ကိုယ်ခံအားစနစ်ကို အထောက်အကူပြုပြီး စိတ်ခံစားချက်များကို မြှင့်တင်ပေးနိုင်သည်။ အိပ်ရာမှထပြီးသည်နှင့် ပြတင်းပေါက်များကိုဖွင့်ကာ လတ်ဆတ်သော လေကို နက်ရှိုင်းစွာရှူရှိုက်ပြီးခံစားရန် ခဏအချိန်ပေးသင့်ပါသည်။

ရေတစ်ဖန်ခွက်အပြည့်သောက်ပါ

ရေသောက်ခြင်းသည် ကောင်းမွန်သောနံနက်ခင်း၏ကျန်းမာရေးအတွက် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် နံနက်အိပ်ရာထချိန်တွင် ရေတစ်ဖန်ခွက်သောက်ပြီး ရေဓာတ်ပြည့်ဝနေအောင် ပုံမှန်လုပ်ပါ။ ရေဓာတ်ခန်းခြောက်ခြင်းသည် စိတ်ရှုပ်ထွေးခြင်း၊ အပူလွန်ကဲခြင်းနှင့် ဝမ်းချုပ်ခြင်း စသည်တို့ကိုဖြစ်စေနိုင်ပြီး ကျောက်ကပ်တွင် ကျောက်တည်နိုင်ခြေတိုးလာစေသည်။ နံနက်ခင်းကော်ဖီ သို့မဟုတ် လက်ဖက်ရည်မသောက်မီ ရေသောက်ခြင်းသည် ကဖင်းဓာတ်ပါသောအချို့ရည်များမှ ဖြစ်ပေါ်လာသည့်ရေဓာတ်ခန်းခြောက်မှုကိုလည်း တိုက်ဖျက်ပေးသည်။

ကျန်းမာရေးနှင့်ညီညွတ်သောနံနက်စာစားပါ

နံနက်စာကို ဦးစားပေးစားခြင်းသည် အာဟာရပြည့်ဝစေပြီး ခန္ဓာကိုယ်ကျန်းမာရေး၊ ကိုယ်အလေးချိန်ထိန်းညှိခြင်းနှင့် ရောဂါကာကွယ်ခြင်းအတွက် ခွန်အားနှင့်စိတ်ပိုင်းဆိုင်ရာနိုးကြားမှုကို တိုးတက်စေသည်။ ကျန်းမာရေးနှင့်ညီညွတ်စေရန် နံနက်စာတွင် ပရိုတင်း၊ အမျှင်ဓာတ်၊ ကျန်းမာရေးနှင့်ညီညွတ်သောအဆီများ၊ ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် တခြားအာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ဆားနှင့်သကြားများကို ရှောင်ရန်ဖြစ်သည်။ တစ်နေ့တာကို ကျန်းမာရွှင်လန်းစွာစတင်ရန် ကြိုက်နှစ်သက်သော ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအသောက်များဖြင့် နံနက်စာကိုပြင်ဆင်ပါ။

နံနက်ခင်းကော်ဖီ သို့မဟုတ် လက်ဖက်ရည်တစ်ခွက်သောက်ပါ

ပုံမှန်ကော်ဖီ သို့မဟုတ် လက်ဖက်ရည်တစ်ခွက်သောက်ခြင်းသည် အာရုံကြောစနစ်ကိုလှုံ့ဆော်ပေးပြီး ပျော်ရွှင်စေသောဟော်မုန်းများထုတ်လွှတ်ပေးနိုင်သည်။ ကဖင်းဓာတ်သည် ဦးနှောက်လှုံ့ဆော်မှုကို တိုးမြင့်စေ၍ အာရုံစူးစိုက်မှု၊ တုံ့ပြန်မှုနှင့် မှတ်ဉာဏ်စွမ်းရည်ကိုမြှင့်တင်ပေးသည်။ ဇီဝဖြစ်စဉ်ကိုတိုးမြင့်စေပြီး ကယ်လိုရီကိုထိရောက်စွာလောင်ကျွမ်းစေသည်။ ပုံမှန်အားဖြင့် ရိုးရိုးရေနွေးဖြင့်ဖျော်ထားသော ဘလက်ကော်ဖီသည် သကြား၊ နို့၊ ခရင်မ်၊ ပျားရည်နှင့် အနံ့အရသာများ မပါဝင်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ရွေးချယ်စရာတစ်ခုဖြစ်သည်။

အသက်ရှူလေ့ကျင့်ခန်း သို့မဟုတ် တရားထိုင်ပါ

တရားထိုင်ခြင်း၊ အသက်ရှူသွင်းခြင်း သို့မဟုတ် သတိပဋ္ဌာန်လေ့ကျင့်ခြင်းသည် ကျန်းမာသောနံနက်ခင်းတစ်ခုအတွက် ကောင်းမွန်သော လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ အသက်ရှူခြင်းကို အာရုံစိုက်ခြင်း၊ သတိရှိနေခြင်းနှင့် စိတ်ကိုကြည်လင်စေခြင်းတို့ဖြစ်စေသည်။ နံနက်တိုင်း ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ်စာ တရားထိုင်ခြင်းသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုကိုလျော့ကျစေပြီး ကျန်းမာရေးကို အထောက်အကူပြုသည်။ တရားထိုင်ခြင်းသည် နေ့စဉ်အချိန်တိုင်းတွင် အကျိုးကျေးဇူးများပေးစွမ်းနိုင်သော်လည်း နံနက်ပိုင်းသည် စိတ်ကိုကြည်လင်စေပြီး အတွေးများကိုစုစည်းနိုင်ကာ တစ်နေ့တာအတွက် ဆင်ခြင်ဉာဏ်ကို ချမှတ်နိုင်သည်။

ဦးနှောက်ဂိမ်းများကစားပါ

စကားဝှက်များနှင့် ဉာဏ်စမ်းခြင်းကဲ့သို့ ဦးနှောက်ကို လှုံ့ဆော်ပေးသည့်ဂိမ်းများကို ကစားခြင်းသည် နိုးကြားပြီး သတိရှိရန်နှင့် စိတ်ဖိစီးမှုကိုရင်ဆိုင်ရန် တစ်နေ့တာအတွက် သင့်ကိုယ်သင်ပြင်ဆင်ရန်နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို တိုးမြင့်စေသည်။ ကျန်းမာသောအရွယ်ရောက်ပြီး သူများတွင် စကားလုံး သို့မဟုတ် ကိန်းဂဏန်းများကို အခြေခံသော ဂိမ်းများသည် သိမြင်နိုင်စွမ်း၊ အာရုံစူးစိုက်မှုနှင့်မှတ်ဉာဏ်တို့ကို အကျိုးသက်ရောက်စေကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

ချစ်ရသူများနှင့်ဆက်သွယ်ရန်အချိန်ပေးပါ

နံနက်ခင်းသည် တခြားသူများနှင့်ဆက်သွယ်မှုကိုအာရုံစိုက်ရန် အကောင်းဆုံးအချိန်ဖြစ်နိုင်သည်။ အိမ်မှာချစ်ရသူနှင့် မိသားစုကို အာရုံစိုက်ရန်အချိန်ပေးပါ။ ချစ်ရသူတစ်ဦး၊ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းကိုဖုန်းခေါ်ဆိုရန် အချိန်ခဏယူပါ။ ခိုင်မာသောလူမှုဆက်ဆံရေးနှောင်ကြိုးများသည် အလုံးစုံကျန်းမာရေးကိုမြှင့်တင်ပေးပြီး စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ပူပန်မှုကဲ့သို့သော စိတ်ကျန်းမာရေးပြဿနာများကို လျော့နည်းစေသည်။

မိမိကိုယ်ကိုဂရုစိုက်ခြင်း၏အကျိုးကျေးဇူးကိုအသုံးချပါ

မိမိကိုယ်ကိုဂရုစိုက်ခြင်းသည် ပျော်ရွှင်မှုနှင့်ကျန်းမာမှုကို ပံ့ပိုးပေးသည်။ ၎င်းတွင် ရေချိုးခြင်းနှင့်အသားအရေထိန်းသိမ်းခြင်းကဲ့သို့သော အလှပြင်ခြင်းမှအစ အပန်းဖြေရန် စာအုပ်ဖတ်ခြင်း စသည်တို့ပါဝင်သည်။ ယေဘုယျအားဖြင့် မိမိ၏ခန္ဓာကိုယ်နှင့် စိတ်ခံစားချက်ကို ကောင်းမွန်စေမည့်အရာများကို ရှာဖွေခြင်းသည် ကိုယ်ပိုင်ပြုစုစောင့်ရှောက်ရေးလုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်။

နံနက်ခင်းမှာ စာဖတ်ပါ

နံနက်ခင်းစာဖတ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုမြှင့်တင်ရန် အဖိုးတန်သောခြေလှမ်းတစ်ခုဖြစ်သည်။ စာဖတ်ခြင်းက စိတ်ကိုလှုံ့ဆော်ပေးပြီး မှတ်ဉာဏ်ကိုမြှင့်တင်ပေးနိုင်သည်။ ၂၀၁၆ ခုနှစ် လူမှုရေးသိပ္ပံနှင့်ဆေးပညာမဂ္ဂဇင်းတွင် ဖော်ပြသော Bavishi နှင့်သုတေသီများ၏ ၁၂ နှစ်ကြာလေ့လာမှုတစ်ခုတွင် နေ့စဉ် အခန်းတစ်ခန်းစာအုပ်ဖတ်ခြင်းသည် အသက်ရှည်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ ပုံမှန်စာအုပ်ဖတ်သူများသည် စာဖတ်သူမဟုတ်သူများနှင့်နှိုင်းယှဉ်ပါက သေဆုံးနိုင်ခြေ ၂၀ ရာခိုင်နှုန်း လျော့နည်းကြောင်းတွေ့ရှိခဲ့သည်။

အိမ်မှကိစ္စအနည်းငယ်ကိုလျင်မြန်စွာလုပ်ဆောင်ပါ

တစ်နေ့တာအလုပ်၊ ကျောင်းနှင့်အိမ်အလုပ်များကို အလျဉ်မီစေရန် နံနက်ခင်းတွင် လွယ်ကူသောအလုပ်အနည်းငယ် (အိပ်ရာပြုပြင်ခြင်း၊ အဝတ်လျှော်ခြင်း၊ အစားအသောက်ပြင်ဆင်ခြင်း) ကို လျင်မြန်စွာလုပ်ဆောင်ခြင်းသည် စိတ်ခံစားချက်ကောင်းမွန်စေပြီး တစ်နေ့တာအတွက် စိတ်အားထက်သန်မှုကိုဖြစ်စေနိုင်ပါသည်။

သီချင်းနားထောင်ပါ

တစ်နေ့တာကို သက်သောင့်သက်သာဖြင့် စတင်စေမည့်နောက်တစ်နည်းမှာ သီချင်းနားထောင်ခြင်းဖြစ်သည်။ သီချင်းနားထောင်ခြင်းသည် တင်းမာမှု၊ စိတ်ဖိစီးမှုနှင့် နာကျင်မှုကိုလျော့ပါးစေပြီး စိတ်ခံစားချက်နှင့် မှတ်ဉာဏ်ကို တိုးတက်စေကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။ သီချင်းသည် စိတ်ကိုဆွဲဆောင်နိုင်ပြီး ပျော်ရွှင်မှုနှင့်စိတ်အပန်းဖြေမှုကိုပေးစွမ်းနိုင်သဖြင့် သီချင်းကြိုက်သူများသည် နံနက်ခင်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်အိမ်မှုကိစ္စအနည်းငယ်ပြုလုပ်စဉ် အကြိုက်ဆုံးသီချင်းကိုနားထောင်ပါ။

တီထွင်ဖန်တီးမှုရယူပါ

ဦးနှောက်ကိုတီထွင်ဖန်တီးနိုင်စေရန် အချိန်အနည်းငယ်ပေးခြင်းသည် နံနက်ခင်းများကိုစတင်ရန် အဖိုးတန်နည်းလမ်းတစ်ခုဖြစ်သည်။ ကျန်းမာသောဘဝနှင့် အလုပ်ဟန်ချက်ညီမှုကိုမြှင့်တင်ပေးကာ စိတ်ဖိစီးမှုကိုစီမံခန့်ခွဲနိုင်သဖြင့် ချက်ချင်းပြီးပြည့်စုံသည့်ခံစားချက်ကို ရရှိစေသည်။ ပုံဆွဲရန် သို့မဟုတ် ဆေးခြယ်ရန်၊ သီချင်း သို့မဟုတ် ဂျာနယ်အတွက် ဆောင်းပါးရေးရန်၊ ချည်ထိုးရန်၊ ဥယျာဉ်စိုက်ပျိုးရန် မိနစ်အနည်းငယ်မျှ အချိန်ယူရန်ကြိုးစားပါ။

နေ့စဉ်လုပ်ဆောင်ရန်အစီအစဉ်ချမှတ်ပါ

နံနက်ခင်းတွင် ရည်မှန်းချက်များနှင့် အိမ်တွင်ဖြစ်စေ၊ အလုပ်ခွင်တွင်ဖြစ်စေ လုပ်ဆောင်ရမည့်အလုပ်အစီအစဉ်များကို ချရေးခြင်းသည် လုပ်ရမည့်အရာအတွက် စိုးရိမ်ပူပန်မှု၏ဝန်ထုပ်ဝန်ပိုးမှ စိတ်ကိုလွတ်မြောက်စေခြင်းဖြင့် စိတ်ဖိစီးမှုကိုသက်သာစေကြောင်း စိတ်ပညာရှင်များက တွေ့ရှိခဲ့သည်။ ဦးစားပေးလုပ်ဆောင်သင့်သည့်အရာများနှင့် မနက်ဖြန်လုပ်ရန်တို့ကို ပိုမိုရှင်းလင်းစွာတွေးခေါ်နိုင်စေပြီး အလုပ်တာဝန်များကို စီမံခန့်ခွဲနိုင်သည်။ အီလက်ထရွန်နစ်သတိပေးချက်အသုံးပြုခြင်းသည် အချိန်မှန်ဆေးသောက်ခြင်းကဲ့သို့သော နေ့စဉ်ဂရုစိုက်ရန်လိုအပ်သည့်အလုပ်များကို အမြဲလုပ်ဆောင်နိုင်ရန် ကူညီပေးနိုင်သည်။

အချုပ်ဆိုရသော် ကျန်းမာရေးနှင့်ညီညွတ်သော ပုံမှန်နံနက်ခင်းလုပ်ရိုးလုပ်စဉ်တစ်ခုသည် လူအများစုအတွက် ကျန်းမာပျော်ရွှင်မှုနှင့် လုပ်အားပိုမိုထုတ်လုပ်နိုင်ရန် များစွာအရေးပါသည်။ ယေဘုယျအားဖြင့် အကောင်းဆုံးသောနံနက်ခင်းလုပ်ရိုးလုပ်စဉ်များသည် ဖုန်းခေါ်ဆိုမှု၊ ကော်ဖီတစ်ခွက် သို့မဟုတ် နံနက်ခင်းလမ်းလျှောက်ခြင်းဖြင့် တစ်နေ့တာကို စတင်ခြင်းဖြစ်သည်။ ၎င်းတွင် လုံလောက်သောအိပ်စက်ခြင်းကို ဦးစားပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောနံနက်စာစားခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် တရားထိုင်ခြင်းကဲ့သို့သောနည်းစနစ်များ ပါဝင်နိုင်သည်။ တချို့သောလူများအတွက် ဦးနှောက်ဂိမ်းများ၊ စာဖတ်ခြင်း သို့မဟုတ် တေးဂီတများသည် စိတ်ကိုနိုးကြားစေပြီး ရှေ့ဆက်ရမည့် နေ့ရက်များအတွက် ပြင်ဆင်ခြင်း၏နောက်ဆက်တွဲနည်းလမ်းများဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာသိဂီကျော်

"မိမိကိုယ်ကိုဂရုစိုက်ခြင်းသည် ပျော်ရွှင်မှုနှင့် ကျန်းမာမှုကို ပံ့ပိုးပေးသည်။ ၎င်းတွင် ရေချိုးခြင်းနှင့် အသားအရေထိန်းသိမ်းခြင်းကဲ့သို့သော အလှပြင်ခြင်းမှအစ အပန်းဖြေရန် စာအုပ်ဖတ်ခြင်းစသည်တို့ပါဝင်သည်။ ယေဘုယျအားဖြင့် မိမိ၏ခန္ဓာကိုယ်နှင့် စိတ်ခံစားချက်ကို ကောင်းမွန်စေမည့် အရာများကို ရှာဖွေခြင်းသည် ကိုယ်ပိုင်ပြုစုစောင့်ရှောက်ရေးလုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်. . ."

ရွှေတောင်မြို့နယ်၌ နွေစပါး ၂၇၂၅ ဧက လျာထား၍ စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်



ရွှေတောင် ဧန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ နွေစပါးစိုက်ပျိုးရေးအတွက် နတ်မှော်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေများကို ဧန်နဝါရီလမှစတင်၍ စိုက်ပျိုးမြေများသို့ စတင်ဖြန့်ဝေခဲ့ပြီး နွေစပါးစိုက်မည့်တောင်သူများက ယခုရက်သတ္တပတ်အတွင်း စိုက်ပျိုးမြေပြုပြင်ခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေတောင်မြို့နယ်အတွင်း၌ နွေစပါး ၂၇၂၅ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး နတ်မှော်မြစ်ရေတင်အသုံးပြုတောင်သူများအဖွဲ့နှင့်ပူးပေါင်း၍ စိုက်ပျိုးရေးအလေ့အလွှင့်နည်းပါးရေးအတွက် စနစ်တကျ ပေးဝေခြင်း၊ ရေလှည့်စနစ်ဖြင့်ပေးဝေခြင်း များဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နတ်မှော်မြစ်ရေတင်လုပ်ငန်းဖြင့် နွေစပါး စိုက်ပျိုးမည့်တောင်သူများအား နွေစပါး စိုက်ပျိုးရာသီကာလအတွင်း အချိန်မီစိုက်ပျိုးနိုင်ရေး၊ သက်တမ်းတို အထွက်ကောင်းမျိုးများဖြစ်သည့် ရတနာတိုး၊ရက်ဇ၊ဗီယက်နမ်အောင်နိုင်တိုးစပါးမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ညှိနှိုင်းရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေလေလွင့်မှုမရှိစေရေးအတွက် လယ်ကြားမြောင်းများ စနစ်တကျတူးဖော်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ပျိုးထောင်စနစ်၊ ကောက်စိုက်စက်၊ တိုက်ရိုက်အစေ့ချစနစ်ဖြင့်သာ စနစ်တကျစိုက်ပျိုးသွားရမည်ဖြစ်သည်။

ယခုနှစ်တွင် ယခင်နှစ်ထက် တောင်သူများအနေဖြင့် နွေစပါးစောစီးစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်သီးနှံများ ထပ်မံစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီက စိုက်ပျိုးရေများဆောလျင်စွာ ပေးဝေခဲ့ပြီး တောင်သူများ၏ စိုက်စွမ်းအား၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ တောင်သူများ အကျိုးစီးပွားတိုးတက်ရရှိနိုင်စေရေးနှင့် အတူ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့်ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့် အပြင်ပြည်ပသို့လည်းနှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်းပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

နေမရုပ်ခင်

❍ အလျဉ်နေးနေး၊ ရေဆန်ရွေးသော်
အရေးနံ့နံ့၊ ခရီးတုံ့သည်
မစုံ့တစုံ၊ စုံ့တစုံနှင့်။

❍ လျှောက်ရာတားဆီး၊ ကြောက်ကာငြိုးသော်
အကျည်းတန်အောင်၊ ခရီးနှောင်၍
မမှောင်တမှောင့်၊ မှောင်တမှောင့်နှင့်။

❍ ရေရာတာတွေး၊ သေချာရွေးသော်
မွေးပေးမဆုံး၊ နွေးထွေးတုန်းမှာ
မပြုံးတပြုံး၊ ပြုံးတပြုံးနှင့်။

❍ ဆင်ခြင်သုံးသပ်၊ ခံယူတတ်မှ
ကျေနပ်မပူပင်၊ လူ့ဝန်းကျင်၌
ခင်မင်ရင်းနှီး၊ ပွားစည်းပြီးသော်
အထီးမကျန်၊ ခရီးမှန်လိမ့်
ရောက်တန်ချိန်ခါ၊ ရောက်ကြမှာမို့
ကြုံလှာအခက်၊ ထည့်မတွက်ဘဲ
ရှေ့ဆက်ကြိုးကုပ်၊ နေမရုပ်ခင်
အားထုတ်မှုတော့ လိုတာပေါ့။ ။

ရွှေမြိုင်ပြုံးလဲ့မော်

မင်းဘူး(စကု)မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၆၀၂၅ ဧကအထိစိုက်ပျိုးနိုင်

မင်းဘူး ဧန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံသီးနှံကို ၄၃၁၉ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ဧကပေါင်း ၆၀၂၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ဧကပေါင်း ၁၇၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဒေသခံတောင်သူအများစုက ပဲစင်းငုံသီးနှံကို မိုးဦးရာသီမှစတင်ပြီး မိုးသီးနှံ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း စသည့် သီးနှံတို့ဖြင့် သီးညှပ်စိုက်ပျိုးလေ့ရှိကြောင်း၊ ပဲစင်းငုံသီးနှံကို တောင်သူများမိုးသီးနှံစတင်စိုက်ပျိုးချိန်တွင် အပင်တန်းခြား၍ သီးညှပ်စိုက်ပျိုးနည်းစနစ်ဖြင့် ကြောင်းဆွဲစိုက်ပျိုးလေ့ရှိကြောင်း၊ ပဲစင်းငုံသီးနှံသည် (စိုက်ပျိုးရေးသွင်းအားစု) မျိုးစေ့ ကုန်ကျမှုသက်သာသည့် သီးနှံတစ်မျိုးဖြစ်သော်လည်း



မိုးဦးရာသီ စတင်စိုက်ပျိုးချိန်မှစ၍ ခုတ်သိမ်းချိန်အထိ အချိန်အားဖြင့် ရှစ်လမှ ကိုးလအထိ ကြာမြင့်သည်။ သီးနှံအထွက်နှုန်း ကောင်းမွန်သည့်အတွက် ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေလျက်ရှိပြီး ယခုနှစ် ပဲစင်းငုံသီးနှံ လှိုင်လှိုင်ပေါ်ချိန်တွင် ပဲစင်းငုံများ အရောင်းအဝယ်သွက်နေသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မိတ္ထီလာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဧန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းက မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် မုန်တိုင်အုပ်စု မုန်တိုင်ကျေးရွာ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ မုန်တိုင်အုပ်စု ဖလံကျင်းကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာကော်မတီဝင်များအား မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ကြောင်း မှာကြားသည်။

မိတ္ထီလာမြို့နယ် မုန်တိုင်အုပ်စု မုန်တိုင်ကျေးရွာ၌ အလျား ပေ ၆၆၀၊ အနံ ၁၂ ပေ၊ ထု ၆ လက်မနှင့် မုန်တိုင်အုပ်စု ဖလံကျင်းကျေးရွာ၌ အလျား ပေ ၅၂၀၊ အနံ၁၂ ပေ၊ ထု ၆ လက်မရှိရွာတွင်းကွန်ကရစ်လမ်းများ ခင်းခြင်းလုပ်ငန်းနှင့်တစ်နာရီလျှင် လီတာ ၁၂၀၀နှုန်းထွက် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၆၀၂

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၂၅ (စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ မေတ္တာပို့
၃။ ၀၇:၁၀ ဓမ္မပူဇာတေး
၄။ ၀၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၆။ ၀၈:၀၅ မျိုးချစ်တပ်မတော်
၇။ ၀၈:၁၀ မွေးမြူသုတ
၈။ ၀၈:၂၀ မောင်မယ်လေးများ သိစေချင်
၉။ ၀၉:၁၀ မြဝတီနေ့စဉ်သတင်း
၁၀။ ၀၉:၃၀ အမှတ်တရနေ့ရက်များ
၁၁။ ၁၀:၁၀ နိုင်ငံတကာသတင်း
၁၂။ ၁၁:၂၀ ပြည်သူ့ကြားကပြည်သူ့စကား
၁၃။ ၁၁:၂၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၄။ ၁၄:၀၀ ကျန်းမာသုတ

နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသူများ၏ စကားသံများ

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပလျက်ရှိရာ နှစ်ဖက် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ရရှိခဲ့သည့်သဘောတူညီမှုရလဒ်များ၊ နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဦးကိုကိုကြီး



ဒေါက်တာအေးမောင်



ဒေါက်တာအောင်မြတ်ဦး



ဦးခင်မောင်သိန်း

ဦးကိုကိုကြီး(ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)

နိုင်ငံတစ်နိုင်ငံမှာ အမြင့်ဆုံးဥပဒေကဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါတယ်။ ဒီဥပဒေရဲ့ သဘောတရားကလည်း ကျင့်သုံးရင်းနဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေရှိရင် တဖြည်းဖြည်းပြင်ဆင်ပြီးတော့ ကောင်းသထက်ကောင်းအောင် ကြိုးစားကြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းနှစ်ဆက်အတွင်း ၂၀၀၈ ဥပဒေကျင့်သုံးပြီးတဲ့အချိန်မှာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို တွေ့ရှိလာရတာတွေရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ အခက်အခဲတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကနေ ဖြေရှင်းရမယ်ဆိုရင် မဖြစ်မနေ ပြင်ဆင်သင့်တဲ့အချက်တွေကို ဆွေးနွေးကြပါတယ်။ ဒီအချက်တွေထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဘက်က အဆိုပြုတဲ့အချက်တွေရှိသလို ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ကလည်း အဆိုပြုတဲ့အချက်တွေရှိပါတယ်။ ဒီအချက်တွေကို နှစ်ဖက်ညှိနှိုင်းပြီးတော့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာ ပြင်ဆင်တဲ့အခါ ကြိုတင်ညှိနှိုင်းသဘောတူပြီးသား ဖြစ်အောင် ကြိုးစားဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ဆွေးနွေးပြီးသဘောထားစုစည်းချက်အားလုံး ၄၃ ချက်ရှိပါတယ်။ နောက်ပြီး တစ်ထိုင်တည်းဆုံးဖြတ်လို့မရဘဲ ဆက်လက်ဆွေးနွေးရမယ့်အချက် ခုနစ်ချက်လည်းရှိပါတယ်။ ဒီအချက်ကိုလည်း ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးနေတဲ့အချိန်မှာလည်း သဘောတူစုစည်းထားပြီးသား ၄၃ ချက်၊ ဆက်လက်ဆွေးနွေးမယ့် အချက်ခုနစ်ချက်အပြင် နိုင်ငံရေးပါတီများအစုအဖွဲ့ကပြင်ဆင်သင့်တယ်လို့ ထပ်မံပြီး အဆိုပြုထားတဲ့အချက်တွေလည်း ရှိပါသေးတယ်။ ဒီအချက်တွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သဘောတူညီမှုရရှိပြီး သွားရင်တော့ သဘောထားစုစည်းချက်များအဖြစ်နဲ့ နှစ်ဖက်အပြန်အလှန်လက်မှတ်ရေးထိုးဖို့ အစီအစဉ်လည်းရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးနည်းလမ်းနဲ့ ကြိုးပမ်းနေတာဟာ ရုတ်တရက်တော့ သိသာမြင်သာမဖြစ်ပေမယ့် ကျွန်တော်တို့အားလုံး ပွင့်လင်းရင်းနှီးစွာနဲ့ အကျေအလည်ဆွေးနွေးညှိနှိုင်းနေကြပါတယ်။ ဒီဆွေးနွေးမှုတွေကတစ်ဆင့် တိုးတက်မှုတွေလည်းရရှိထားပါတယ်။ ဒီတိုးတက်မှုတွေကို ပြည်သူတွေသိရှိစေဖို့ အသိပေးခြင်းဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီမှာ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံရေးပါတီတွေအားမကောင်းဘဲနဲ့ ပါတီစုံဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရေးပါတီတွေအားကောင်းဖို့ ပြည်သူတွေကိုယ်တိုင်ကလည်း နိုင်ငံရေးပါတီတွေအပေါ်မှာ ယုံကြည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိစေလိုပါတယ်။

ဒေါက်တာအေးမောင်(ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ)

ဒီနေ့ဆွေးနွေးပွဲမှာတော့ အရင်ပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲတွေမှာ သဘောထားမတူညီရသေးတဲ့အချက်တွေကို ပြန်လည်ညှိနှိုင်းဆွေးနွေးကြပါတယ်။ နောက်ပြီး သဘောတူညီမှုရရှိထားတဲ့အချက်တွေကိုလည်း လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ သဘောတူညီထားတဲ့အချက်တွေကတော့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူတွေ၊ ဥပဒေပြုရေးတွေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသဖြင့် အားလုံး ၄၃ ချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုက အရမ်းအရေးကြီးပါတယ်။ ဒါကြောင့်နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်ဖို့ နိုင်ငံရေးအပေးအယူရှိဖို့ လိုပါတယ်။ နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ စစ်ပွဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေကို အများကြီးကြုံတွေ့နေရပါပြီ။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် အခြေခံဥပဒေရဲ့ တချို့ပုဒ်မတွေကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေပြီး နိုင်ငံရေးပြေလည်မှုရရှိအောင် လိုအပ်နေတဲ့ကာလဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေကြပါတယ်။

ဒေါက်တာအောင်မြတ်ဦး (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

မနေ့က ဆွေးနွေးပွဲမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖြည့်စွက်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေ့မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဆက်လက်ဆွေးနွေးပြီး လက်ရှိနိုင်ငံရေးအခြေအနေနဲ့ ပြည်သူတွေရင်ဆိုင်နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဘယ်လိုကျော်လွှားသွားမလဲဆိုတဲ့နည်းလမ်းတွေကိုရှာဖွေဖို့ ဆက်လက်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဖြေရှင်းဖို့ နည်းလမ်းတွေရှိမယ်လို့လည်း ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ခေတ်ကာလလိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရတာရှိသလို ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ အနာဂတ်မှာဆောင်ရွက်မယ့် လျာထားချက်တွေအပေါ်မှာ အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တာတွေလုပ်ရပါမယ်။ ဒီလိုပြင်ဆင်တာတွေလုပ်ပြီး လိုအပ်တာတွေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခု သဘောထားညှိနှိုင်းလို့ရတဲ့အချက်တွေကို လွှတ်တော်ပေါ် ပေါက်လာတဲ့အခါ လွှတ်တော်မှာ တင်ပြပြီး အတည်ပြုပါမယ်။ ကျွန်တော်တို့ ဆွေးနွေးလာတဲ့ အနေအထားအရ သဘောထားညှိနှိုင်းရရှိတဲ့အချက် ၄၃ ချက်ရှိပါတယ်။ ဒီအချက်တွေကို သဘောထားညှိနှိုင်းချက်အနေနဲ့ လက်မှတ်ရေးထိုးသွားဖို့ စီစဉ်ထားပါတယ်။

ဦးခင်မောင်သိန်း(ဗဟိုအလုပ်အမှုဆောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့တွေနဲ့ ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့ ပါတီအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေလုပ်ခဲ့ပါတယ်။ ဒီလို ဆွေးနွေးပွဲတွေလုပ်ခြင်းအားဖြင့် နိုင်ငံအတွက်အကျိုးရှိတယ်လို့ မြင်မိပါတယ်။ နိုင်ငံရေးပါတီတွေဖွဲ့စည်းတာဟာ ပြည်သူတွေ အကျိုးအတွက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးစီးပွားနဲ့ နိုင်ငံအတွက်လိုအပ်တာတွေကို ဝိုင်းဝန်းဆွေးနွေးပြီး ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ပွင့်လင်းပြီးနားလည်မှုသဘောတရားတွေနဲ့ နိုင်ငံအတွက် ဆွေးနွေးခွင့်ရရှိခဲ့တဲ့အတွက် သဘောတူညီချက် ၄၃ ချက်ရရှိပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းနေတဲ့အချက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီများ အစုအဖွဲ့အနေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် တတ်နိုင်သမျှ အကျိုးရှိအောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေကြပါတယ်။ နောက်ပြီး တစ်ယောက်ကိုတစ်ယောက် မာန်မာနတွေ၊ အတ္တစွဲတွေ ရှောင်ရှားပြီး ညီရင်းအစ်ကိုတွေလို သဘောထားပြီး တော့ ညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုရင် အောင်မြင်မှုတွေရရှိမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

သတင်း-အောင်ရဲသွင်၊ အေးအေးသန့်, ဓာတ်ပုံ-အေးသန်း

မင်းဘူးမြို့နယ် ကန်ရေပျိုးဥယျာဉ်၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ထား

မင်းဘူး ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိကန်ရေပျိုးဥယျာဉ်၌ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ထားကြောင်း မင်းဘူးမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အဆိုပါပျိုးပင်များကို ဒေသတွင်း စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုညီညွတ်မျှတမှုအတွက် အထောက်အကူပြုစေရန်၊ ဒေသခံပြည်သူများနှင့် ခရီးသွားများ နားခိုနိုင်စေရန်နှင့် မြို့နယ်အတွင်း ထင်းလောင်စာများဖူလုံစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ ကန်ရေပျိုးဥယျာဉ်မှာ ဗျောက်ဆိပ်၊ တမာ၊ ပိတောက်၊ ရင်းမာ၊ ရှားစတဲ့ပျိုးပင်တွေအပါအဝင် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော်ကို ပျိုးထောင်ထားပါတယ်။ အခုလို လူထုဖြန့်ဝေပေးဖို့ ပျိုးပင်တွေကို စိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုညီညွတ်မျှတမှုကို အထောက်အကူဖြစ်စေမယ့်အပြင် ဒေသခံပြည်သူတွေအနေနဲ့ ထင်းလောင်စာ၊ မျောတိုင်၊ ဝါးကအစ ရရှိနိုင်မှာဖြစ်ပါတယ်" ဟု မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးမြင့်အောင်ကပြောသည်။

အဆိုပါပျိုးပင်များကို ယခုနှစ် မိုးရာသီတွင် မင်းဘူးမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံးများတွင် စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည့်အတွက် စိုက်ပျိုးလိုသူများအနေဖြင့် မည်သူမဆို လာရောက်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

အတူတွဲယှဉ် စုံစုံလင် ယူနန်- မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင်အခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၄

"ပျော်ရွှင်ဖွယ်တရုတ်နှစ်သစ်ကူး၊ တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ် အတူတွဲယှဉ် စုံစုံလင် ယူနန် -မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုအသွင်"အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာ (ရန်ကုန်) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံမှူးကြီး Ms. Cao Jing နှင့် မြန်မာနိုင်ငံစာရေးဆရာများအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ယူနန်ပြည်နယ် ပြတိုက် ဒုတိယပြတိုက်မှူး ဖန်းဟိုင်ထောင်းက "မြွေယဉ်ကျေးမှု" အကြောင်းကိုလည်းကောင်း၊ ယူနန်ပြည်နယ်ပြတိုက်သုတေသနနှင့်ဖလှယ်ရေးဌာန ဌာနမှူး သုတေသီ ကောကျားက "ယူနန်ပြည်နယ်ပွဲတော်ယဉ်ကျေးမှု" အကြောင်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးခိုင်ထွန်း က မြန်မာပွဲတော်ယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း မိတ်ဆက်ဟောပြောကြသည်။

ယင်းနောက် China Media Group (Yangon Bureau) သတင်းထောက် ကျန်းချောင်နင်နှင့် မြန်မာနိုင်ငံ Skynet ရုပ်သံလွှင့်ဌာနမှ ထုတ်လုပ်သူ ဒေါ်ခင်ငြိမ်းချမ်းကျော်တို့က နှစ်နိုင်ငံပူးပေါင်း၍ ရုပ်သံအစီအစဉ်များ ရိုက်ကူးခဲ့သည့် အတွေ့အကြုံများကို မျှဝေပေးကြပြီး မန်စီမြို့ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က ပျော်ရွှင်ကြည်နူးဖွယ် အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများသည် ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး တရုတ် -မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ်အစီအစဉ်များကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဇော်မင်းလတ်-MNA

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ၊ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဇရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းမြို့နယ်၊ ပုလဲကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကသောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလဲကျွန်း၌အခြေပြု၍ ပုလဲကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၀ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၂၀ ဦး၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၂ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အရင်က ကျွန်တော် မြိတ်မြို့မှာပြပါတယ်။ ခုမြိတ်ထိသွားစရာမလိုဘဲ ပုလဲကျွန်းမှာ ပြရပါတယ်။ ရောဂါက မျက်စိတို့၊ သွေးတိုးတို့အဖြစ်များပါတယ်။ မျက်စိကပိုတော့ ကောင်းလာတယ်။ ကျေးဇူးတင်ပါတယ်။ ဆေးလည်းပေးပါတယ်။ ဆရာဝန်









တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပုလဲကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကတော့ မျက်စိကို ခွဲစိတ်ပါမယ်တဲ့၊ နောက်မှ အေးဆေးခွဲစိတ်ပါမယ်တဲ့ ဆေးတော့ပေးလိုက်ပါတယ်"ဟု ပြောသည်။



"ဆီးချို သွေးချိုတို့လာပြပါတယ်၊ မြို့ကြီးပြကြီး မသွားရတော့ဘူးပေါ့။ ခရီးဝေးဝေး မသွားရတော့ဘူးပေါ့။ နောက်ဆုံး မြို့သွားနေရရင် ပိုက်ဆံတွေ အများကြီးကုန်မယ်လေ။ ဒီမှာဆိုတော့ ဘာမှကုန်ကျစရိတ် မရှိဘူးပေါ့။ အဲလို သံလွင်သင်္ဘောမှာပဲ နယ်လှည့်ပြီးတော့ အဲလိုမျိုးမှာကုဖူးပါတယ်။ ခါးတွေ ဘာတွေနာလို့၊ သွားတွေ ဘာတွေကိုက်လို့ ပြဖူးပါတယ်။ မြို့တွေမသွားရဘဲ ဒီမှာတစ်ခါတည်း ပြရတော့ အဆင်ပြေတာပေါ့။ အကုန်လုံးကတော့ စေတနာဖြူစင်စွာနဲ့ ကုသပေးပါတယ်။ ကောင်းပါတယ်အားလုံး။ ခုလိုဆေးကုသပေးတဲ့အဖွဲ့ လာကုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၁၀၀)

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်







တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှဒေသခံပြည်သူ ၃၈၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၇ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၄ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကလေးငယ်တစ်ဦးအား သွားရောဂါနှင့်ပတ်သက်၍ စမ်းသပ်ကုသပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကလေးငယ်တစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခုလုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၅၃ မိနစ် ၃၃ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၈၃ ဒီဂရီ၊ အရှေ့တောင်ကျိတွဒ် ၉၅ ဒသမ ၀၅ ဒီဂရီ၊ အနက် ၄၃ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခုလုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)


နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME ကို အားပေးမြှင့်တင်

ယနေ့ခေတ် ကမ္ဘာကြီးသည် အရာရာတွင် တိုးတက်မှုအပေါင်းနှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့၏ တီထွင်ကြံဆမှုကြောင့် အသစ်အသစ်တို့သည် အဆက်မပြတ်ဖြစ်ပေါ်နေလျက်ရှိရာ စီးပွားရေးလုပ်ငန်းများသည်လည်း နည်းပညာသစ်များဖြင့် တိုးတက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလှသည့် အခန်းကဏ္ဍာ၌ပါဝင်နေသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တွန်းအားပေးထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများသည် မတူညီသည့် အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့် အတူ စျေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်ကာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိသည်။

ပြည်တွင်း၌ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ အများဆုံးပါဝင်နေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများ၏အခြေအနေကို လေ့လာကြည့်မည်ဆိုပါက အကြီးစားစီးပွားရေးလုပ်ငန်းများထက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများက များစွာအထောက်အကူပြုနေသည်ကို တွေ့ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်ပြီး အခြေခံအကျဆုံးစီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးအားကောင်းလာစေရန် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ကူညီဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ တိုင်းပြည်စီးပွားရေးတိုးတက်ကောင်းမွန်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးကောင်းမွန်စေရန် ပြည်တွင်းအားကို အဓိကထားတည်ဆောက်သည်။ မြန်မာနိုင်ငံ၏ကောင်းကျိုးစီးပွားကို မလိုလားသည့် နိုင်ငံအချို့၏ အမျိုးမျိုးသောအနှောင့်အယှက်များကြောင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေခြင်းဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးသည် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အလေးထားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အရည်အသွေးကောင်းသည့် ကုန်ထုတ်လုပ်မှုများဖြစ်ပေါ်လာစေရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧနနဝါရီလ ၁၇ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားစဉ် **“မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကိုအားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းသင့်တင့်ရန်နှင့် စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့်ထုတ်ကုန်ဖြစ်ရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။



MSME လုပ်ငန်းများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဆန်းသစ်မှုများ၏ အဓိကအရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်သည့်နေရာအဖြစ်လည်းကောင်း၊ ဆင်းရဲမွဲလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာနေရာအဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးတည်ငြိမ်ရေးတို့အတွက် အရေးပါသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်းအသစ်များ ဖြစ်ပေါ်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ထပ်မံဖန်တီးပေးနိုင်စွမ်းရှိသည်။ MSME များမှတစ်ဆင့် နိုင်ငံအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းတစ်ရပ်ဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု ဂျီဒီပီတိုးတက်စေရန်လည်း အထောက်အကူပြုနိုင်ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဦးတည်ချက်များအောက်က MSME

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများဖြစ်သည့် ပြည်ပပို့ကုန်၊ သွင်းကုန်မျှတမှုများသည် နိုင်ငံ၏စီးပွားရေးအပေါ် များစွာမူတည်ပါသည်။ သွင်းကုန်သည်ပို့ကုန်ထက်များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် ကုန်သွယ်ရေးလိုငွေပြသည့်အနုတ်လက္ခဏာကိုသာ မြင်ရမည်ဖြစ်သည်။ တိုင်းပြည်၏ကျေးလက်ဒေသမှ ထုတ်လုပ်မှုအင်အားစုသည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပမှသွင်းကုန် ပမာဏများပြားလျက်ရှိသည်။ သို့သော် အရေးကြီးကိစ္စရပ်များစွာနှင့်အတူ ပြုပြင်ပြောင်းလဲမှုများဖြင့် တည်ဆောက်နေသော ယခုအချိန်အခါတွင် နိုင်ငံ့စီးပွားဦးမော့စေရန် အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးဦးတည်ချက်များ၊ ဆက်စပ်စီးပွားရေးမူဝါဒများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ လူမှုဘဝအများစုသည် အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေး လုပ်ငန်းအများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံ့စီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် စားရေရိက္ခာဖူလုံရန်နှင့် တိုင်းပြည်သာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များပါရှိသည်။

ထိုအချက်သည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် တစ်ခုအပါအဝင်ဖြစ်ကာ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပို့ကုန်ကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်သည်။ ကိုယ့်ဒေသ၊ ကိုယ့်ထွက်ကုန်ကုန်ကြမ်းများကို ပို့ကုန်အခြေပြု ကုန်ထုတ်လုပ်မှုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးရည်ရွယ်ချက်များသည် ရေရှည်အာမခံချက်ရှိရန်နှင့် ကျွဲကူးရေပါဆိုသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးနိုင်မည့် လုပ်ငန်းစဉ်များဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများပိုင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်အမြောက်အမြားကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လေ့လာကြည့်ပါက ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြကျေးလက်ကွာဟမှု လျော့ကျကာ ဆင်းရဲမွဲပျောက်ရေးအတွက် MSME လုပ်ငန်းများအပေါ် များစွာအခြေပြုထားကြောင်း တွေ့ရှိရသည်။

စျေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုခြင်း

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများကို ဗဟိုပြုသောလုပ်ငန်းများဖြစ်သည်။ လုပ်ငန်းများကောင်းမွန်စွာလည်ပတ်နိုင်ရေး သုံးစွဲသူနှင့် ထိတွေ့ဆက်ဆံခြင်းသည် စျေးကွက်အတွင်းရှိ ကုန်စည်အရည်အသွေးကို စုံစမ်းခြင်းလည်းဖြစ်သည်။ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံခြင်းလည်းဖြစ်သည်။ အလားတူ မိမိ၏လုပ်ငန်း၊ ကုန်အမှတ်တံဆိပ်ကို တောက်ပလာအောင်လုပ်ဆောင်ခြင်းနှင့်လည်း တူညီသည်။ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ စျေးကွက်ရှာဖွေသည့် လုပ်ငန်းများသည် မိမိကုန်ပစ္စည်းကို အာမခံခြင်းဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းသည် တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်ကိုဆွဲဆောင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဆန်၊ ဆီ၊ ဆားမှအစပြု၍ လူသုံးကုန်ပစ္စည်းများကို ဖုန်းဖြင့်ဆက်သွယ်မှာယူနိုင်ပြီး အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝယ်ယူသည့် ပစ္စည်းအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် အာမခံဆောင်ရွက်ပေးခြင်းသည် စျေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုလာခြင်းဖြစ်သည်။

အနှစ်ချုပ်ပါလျှင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအစီအစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ချေးငွေနှင့် အကူအညီရရှိရေး လမ်းပြကူညီကြရပါမည်။ အတွေ့အကြုံရင့်ကျက်သောလုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာ လုပ်ငန်းအစီအစဉ်ရှိသည်။ မတူညီသော လုပ်ငန်းအစီအစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေး ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် စျေးကွက်နှင့် ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောစျေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများမှ တစ်ဆင့် စီးပွားရေးသမားတစ်ယောက် ဖြစ်လာမည်ဖြစ်သည်။ တစ်နိုင်တစ်ပိုင်အိမ်တွင်းထုတ်လုပ်ငန်းများနှင့်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်း၌သာမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ။

ဆုလတ်မေ

ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်



နေပြည်တော် ဇန်နဝါရီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဥပဒေအသိပညာဖြန့်ဝေခြင်းဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆) စုဝေးဆောင်ခန်းမ၌ ကျင်းပရာပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သင်တန်းကြီးကြပ်ဆရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနအလိုက် နိုင်ငံဝန်ထမ်းများ အားလုံး တည်ဆဲဥပဒေများပိုမိုသိရှိနားလည်ပြီး တိတိကျကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များမှ ကင်းဝေးစေမည်ဖြစ်သကဲ့သို့ မိမိတို့လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံဝန်ထမ်းများအတွက် ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းများကို ကျင်းပပေးလျက်ရှိရာ အမှတ်စဉ်(၁)သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး၊ အမှတ်စဉ်(၂) သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၀ ဦးကို ဥပဒေအသိပညာများဖြန့်ဝေပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းဖြင့် အုန်းပင်ကျေးရွာအတွင်း သောက်သုံးရေ ပေးဝေနေမှုကိုလည်းကောင်း၊ သဘာဝဘေးကြောင့် လယ်ယာခြောင်းစပ်တွင် ကျေးရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်ထားသည့် လက်တူးတွင်းနှင့် ဆိုလာပန့်များပျက်စီးခဲ့မှုကိုလည်းကောင်း၊ လက်ရှိကျေးရွာအတွင်း ရေပေးနေသည့် သောက်ရေတွင်း အခြေအနေကိုလည်းကောင်း၊ သဘာဝဘေးကြောင့် ပွဲစားဆည်တမံကျိုးပဲ့မှုအခြေအနေကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ်တည်ဆောက်နေမှုကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားကာ စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် အုန်းပင်ကျေးရွာအနီးခရီးသွားနေရာအဖြစ် ဖော်ဆောင်ထားသည့် ရှေးဟောင်းသမိုင်းဝင် သားခိုတောင် မဟာအတုလလောကရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ပြည်သူများအဆင်ပြေစွာ သွားလာဖူးမြော်နိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေးစု (မြောက်)ကျေးရွာအနီးတွင် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေ ၁၅၆ ဒသမ ၆၅ ဧကကို နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် သဲနုန်းများဖယ်ရှားခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စဉ်ဆက်ပညာရေးလုပ်ငန်းဗဟိုအဆင့်နည်းပြသင်တန်း သင်တန်းဆင်း

နေပြည်တော် ဇန်နဝါရီ ၂၄

ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁ ရက်မှ စ၍ သင်ကြားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပထမအဆင့်အနေဖြင့် ဗဟိုအဆင့်နည်းပြသင်တန်းကို နေပြည်တော် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီလ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့သည် ဇန်နဝါရီလ ၂၁ ရက် ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း၊ ဇန်နဝါရီလ ၂၂ ရက် ညနေပိုင်းတွင် ဥပွါတသန္တိစေတီတော်သို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် သင်တန်းသားများအား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပညာရေးဝန်ကြီးဌာနအကြောင်း သိကောင်းစရာ၊ နိုင်ငံတော်က လူတိုင်းအတွက်ပညာရေးအစီအစဉ်များကို ဖော်ဆောင်လျက်ရှိရာတွင် ကျောင်းပညာရေးကဏ္ဍနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍတို့၏ ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ စဉ်ဆက်ပညာရေးလုပ်ငန်းဗဟိုအဆင့် နည်းပြသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကိုကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက စဉ်ဆက်ပညာရေးလုပ်ငန်းကို စာသင်ဝိုင်းများ၌ လက်တွေ့သရုပ်ပြသင်ကြားခြင်းအစီအစဉ်ဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက် ၇၅ နှစ်နှင့်အထက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်





မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များက အသက် ၇၅ နှစ်နှင့်အထက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့များသည် သက်ဆိုင်ရာနယ်မြေအလိုက် အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို အခမ်းအနားဖြင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အသက် ၇၅ နှစ်ပြည့်၊ အသက် ၈၀ ပြည့်၊ အသက် ၈၅ နှစ်ပြည့်၊ အသက် ၉၀ ပြည့်နှင့် အသက် ၉၅ နှစ်ပြည့် အဖွဲ့ဝင် ၂၉၂၇ ဦးကို တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၆ ဒသမ ၃၅ သန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် နှစ်စဉ် အသက်အပိုင်းအခြားအလိုက် ပြည့်မြောက်လာသူများကို တစ်ကြိမ်စီ ချီးမြှင့် ပေးအပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးတို့မှ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၆၅၃၂၀၀ တန်ဖိုးရှိ ငါးခြောက်ကြော်၊ ဗာလချောင်ကြော်၊ ငံပြာရည်ကြော်ဘူး၊ ငါးသေတ္တာဘူး၊ မာမားခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ကြက်သွန်နီ၊ အမယ်စုံ၊ မုန့်မျိုးစုံနှင့် အရေးပေါ်ဆေးဝါးများ စသည်တို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပေးအပ်ကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလက်ခံရယူကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများကပေးပို့သော ဆုတောင်း ရရှိသည်။

မေတ္တာစာလွှာများပါရှိကြောင်း သတင်း (၅၀၀)



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဇရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

ရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲနှင့်ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ကျင်းပပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာ/ပန်းဖွားအကဖြင့် တီးမှုတ်ကပြကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား/ကျောင်းသူများ၏ “ကြိုဆိုပါသည် စုံညီပွဲတော်”သီချင်းဖြင့် သီဆိုဖျော်ဖြေမှုအားကြည့်ရှုအားပေးကာ ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘင်ခရာ/ပန်းဖွားအဖွဲ့များ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိသည့်ကျောင်းသား/ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ/ဆရာမများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာပေနှင့်ဖွံ့ဖြိုးရေးထူးချွန်ဆုရရှိသူများ၊ အတန်းစဉ်ဆုရရှိသူများ၊ လူရည်ချွန်ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျောင်းသား/ကျောင်းသူများ၏ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ထူးချွန်ဆုရရှိသည့်ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

(၉)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်





နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့၏ (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ - လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ်အသုံးပြုလိမ်လည်မှုဆိုင်ရာဘာရာဇော်မှု နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ တရားခံပြေးများဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ(BLOs)အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများမှတစ်ဆင့် လူနှင့်ကုန်ပစ္စည်းများ တရားမဝင် ဝင်/ထွက်သွားလာမှုမရှိစေရေးအတွက် သက်ဆိုင်ရာပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ရာဇဝတ်မှုကျူးလွန်ပြီး ဝရမ်းပြေးများအဖြစ် ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များကို ရှာဖွေဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးရေးနှင့် တားဆီးထိန်းချုပ်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးစနစ်တစ်ရပ်ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအား ထိရောက်အကျိုးရှိစွာ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၄)သင်တန်းဆင်း





နေပြည်တော် ဇန်နဝါရီ ၂၄

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ပိုင်းရှိ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့်တက်ရောက်သည်။

အခမ်းအနားသို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အင်ဂျင်နီယာချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်ရုံသာမက နိုင်ငံတကာတွင် ရင်ပေါင်တန်းပြီး လုပ်ငန်းဆောင်ရွက်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် ဝန်ထမ်းကောင်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းများ ဆောင်ရွက်ကြသည့် လျှပ်စစ်ကျွမ်းကျင်သူများ ဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြရန် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ပေးအပ်ကြသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းများကို ၁၉၉၈ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်း ၄၉ ကြိမ်ဖွင့်လှစ်၍ လျှပ်စစ်ကျွမ်းကျင်သူ ၃၈၉၉ ဦး လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၂၄)သို့ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၆၀ ဦးတက်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပမည့် တပေါင်းကွင်း၌ဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုအဆင့် ကျင်းပမည့် အခမ်းအနားဖြစ်၍ ပြည်ထောင်စုအဆင့်နှင့်လျော်ညီသည့် အခမ်းအနားဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်မှာကြားပြီး ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ တည်ဆောက်ပြီးစီးမှု၊ MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **(၅၀၀)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ဆက်လက်ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် နှစ်ဖက်အဆိုပြုချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းမည့်ကိစ္စအား နိုင်ငံရေးပါတီများအစုအဖွဲ့ဘက်မှ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထွေထွေဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံရေးပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုရရှိရန် လုပ်ဆောင်သင့်သော အစီအမံများအား အကြံပြုဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စရပ်များ၊ လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် အစိုးရနှင့်ပြည်သူလက်တွဲ၍ ကျော်လွှားနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော်ရင်ခွင်သို့ ပြန်လည်ဝင်ရောက်မှုများပြားလာစေရေး အကြံပြုတင်ပြခြင်းကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေအတွက်တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ၂ ရက်တာတွေ့ဆုံဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဆက်လက်ဆွေးနွေးရန်လိုအပ်သည့် နှစ်ဖက်အဆိုပြုချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့်သဘောထားများကို သဘောထားစုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀)မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇန်နဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀) မြောက်အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀) မြောက်အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင်ဖြစ်ပိုင်နိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



ထို့နောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌများ၏မျက်နှာစုံညီ အစည်းအဝေးပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ မဏ္ဍိုင်များမှကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာစီမံချက်များရေးဆွဲမှုအပေါ်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေးနည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူကြေညာချက်၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာမဟာဗျူဟာစီမံချက်မူကြမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Institutional Strengthening Strategic Measures ဆိုင်ရာစာရွက်စာတမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ cross-pillar strategic measures ဆိုင်ရာစာရွက်စာတမ်း၊ အာဆီယံအသိုက်အဝန်း ၂၀၄၅ အတွက် Communication Plan နှင့် စောင့်ကြည့်လေ့လာရေးယန္တရားများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၄၅ အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဏ္ဍိုင် (၃)ရပ်ရှိ သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှုဆိုင်ရာ ဆွေးနွေးချက်များသည် မိမိတို့အတွက်လည်း ပိုမိုရှင်းလင်းလွယ်ကူစေကြောင်း၊ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၄၅ နှင့် ဆက်စပ်စာရွက်စာတမ်းများအား အတည်ပြုရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန် အချိန်လိုအပ်ကြောင်း၊ Cross-sectoral Strategic Measures များအကောင်အထည်ဖော်မှုစောင့်ကြည့်ရေးအတွက် မိမိတို့အနေဖြင့် အချက်အလက်များ (data) နှင့် ညွှန်ကိန်းများ (Indicator) တို့ကိုမူတည်၍ မူဝါဒများချမှတ်ရမည်ဖြစ်ကြောင်း၊ ASEAN Community Statistical System (ACSS) သည် indicator များနှင့် အချက်အလက်များအတွက် သီးသန့် sectoral body ဖြစ်သည့်အတွက် စောင့်ကြည့်လေ့လာရေးအတွက် စဉ်းစားသင့်ကြောင်း၊ ၎င်းတို့သည် ပိုမိုခက်ခဲသည့် SDGs indicator များကို ဆောင်ရွက်နေသည့်အတွက် သင့်လျော်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားခဲ့သည်။

လာမည့် ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် (၂၁)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ အာဆီယံမဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ အပြီးသတ်နိုင်ရေး ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှုများအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာမဏ္ဍိုင်များအကြား ကိုက်ညီမှုရှိစေရေး၊ မဟာဗျူဟာစီမံချက်များ ထပ်မနေစေရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးကိစ္စများကို ဆက်လက်ဆွေးနွေးဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Merchants supply 76,000 viss of tilapia to Yangon market

PYAPON January 24

"Local merchants from Pyapon Township of Ayeyawady Region sold 76,000 viss of tilapia to Yangon market," said Daw Lei Lei, the owner of fishery product trading in Pyapon Township.

Fishery product trading commodity centres purchase marine products from local fishermen and systematically process them before sending to Yangon market.

Daw Lei Lei disclosed: "I emphasize sending of fishery products to Yangon market only. As demand is high at domestic market to purchase tilapia, I sold so many viss of fish to Yangon market. Thanks to high demand of fish from the market, local merchants and fishermen including those in production chain are convenient in their businesses."

Local fishermen capture tilapia at natural water whereas local fish farmers breed tilapia at the fish farms on a commercial scale. It needs to take about three months for breeding tilapia to adult as commercial size.

SMK



More than 2,000 acres of long-staple cotton harvested in Pwintbyu Township



PWINTBYU January 24

"A total of 2,457 acres of long-staple cotton has been harvested in Pwintbyu Township of Magway Region," said Daw Moe Moe Wai, Head of Pwintbyu Township Department of Agriculture.

With the aim of increasing incomes of local farmers and promoting crop cultivation capacity, local farmers planted 5,814 acres of long-staple cotton in Pwinybyu Township. During the period from the second week of December to date, local farmers have reaped 2,457 acres of cotton in the township.

Daw Moe Moe Wai explained: "As now is time to harvest long-staple cotton in the township, local farmers started harvesting of crops in the second week of December. So far, they have harvested 2,457 acres of crops. Farmers rely on cultivation of long-staple cotton in the late monsoon as it fetches good prices in the domestic market. Our department helped local farmers to store cotton wool with minimising loss and waste and harvest the crops with post-harvest technology as well as systematic storage of crops not to lose quality. In the township, each acre of long-staple cotton yields 529.85 viss of cotton wool."

Moreover, officials of the Township Department of Agriculture assist in selecting quality strains of crops suitable for the region, using correct agricultural techniques and preventing pests for the local farmers.

Local farmers prefer to grow long-staple cotton strains such as Shwedaung-8 and Shwedaung-10 strains in monsoon. This year's yield of cotton wool is larger than previous year.

SK

More than 1,000 acres of black gram harvested in Shwebo District

SHWEBO January 24

Statistics of Shwebo District Agriculture Department mentioned that a total of 1,012 acres of black gram has been harvested in Shwebo District of Sagaing Region.

Local farmers planted 1,012 acres of black gram this monsoon. They started harvesting of the bean in August 2024. So far, Shwebo Township harvested 967 acres of black gram and Kyaukmyaung 45 acres, totalling 1,012 acres, yielding 18.49 baskets per acre.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department, explained: "Farmers planted 1,012 acres of black gram in monsoon. Now, they have harvested all sown acreage of black gram. Our department helped them meet the target cultivation with necessary agricultural technologies and prevention of pests."

This year, officials of relevant Township Agriculture Department raised farmer awareness to choose quality strains of black gram suitable for the regions, use agricultural techniques, fertilizers and pesticides for boosting per-acre yield of crops.

Moreover, officials of relevant township Agriculture Departments cooperate with local farmers in selecting quality strains of seeds, using agricultural inputs and applying post-harvest technology for boosting per-acre yield of black gram and keeping them under shelter in time.

SK

Farmers finish harvesting maize and corns in Kawlin District

KAWLIN January 24

According to the statistics of Kawlin District Agriculture Department, local farmers have so far harvested 1,627 acres of maize and corns in Kawlin District of Sagaing Region.

They planted 985 acres of maize and corns in monsoon. These monsoon crops were harvested starting from August this year. Maize yields 56.67 baskets per acre from 45 acres of cropland and 15,000 pieces of corns per acre from 1,582 acres of croplands.

U Win Thein, Head of Kawlin District Agriculture Department clarified: "A total of 1,627 acres of maize and corns were planted in the district last monsoon. So far, these plantations have been harvested at a cent per cent. We raised farmer awareness to prevent pests to thrive maize and corn plantations."

In Kawlin District, local farmers have harvested 737 acres of corns in Kawlin Township, 10 acres of maize and 591 acres of corns in Wuntho Township and 35 acres of maize and 254 acres of corns in Pinlebu Township respectively.

This year, officials of relevant Township Agriculture Department conducted the training courses for local farmers and agricultural staff to enhance their capacity for growing maize and corns successfully with field demonstration, prevention of FAW and use of natural fertilizers and pests with the use of domestic raw materials to cut agricultural costs.

In the district, croplands yield 50 baskets per acre of maize. Farmers need to cost Ks-500,000 per acre for growing maize. Corns produce 15,000 pieces of corns per acre. It costs more than Ks-500,000 per acre for cultivation.

SMK

More than 1,500 acres of chilli planted in Yinmabin District

YINMABIN January 24

Yinmabin District Department of Agriculture stated that a total of 1,544 acres of chilli has been planted as cold season crops in Yinmabin District of Sagaing Region.

Local authorities earmarked 1,585 acres of chilli in the district but farmer grew 1,544 acres of chilli—1,358 acres in Yinmabin Township and 186 acres in Pale Township, starting from October 2024.

Daw Myat Moe Win, Head of Yinmabin District Department of Agriculture explained: "Farmers have so far planted 1,544 acres of chilli against the target of 1,585 acres in Yinmabin District. They are trying hard to meet the target cultivation. Our department encourages local farmers to grow chilli on a commercial scale."

In 2024-2025 cold season, local authorities earmarked 1,131 acres of chilli in Yinmabin Township, 229 acres in Kani Township and 225 acres in Pale Township, totalling 1,585 acres.

Officials from relevant Agriculture Departments help local farmers apply agricultural techniques, prevent pests and improve fertile soil to boost per-acre yield of chilli.

Farmers need to cost Ks-1.5 million per acre in growing chilli on their own land but Ks-2.5 million on rented land.



It is necessary to plunk chilli fruits once every 15 days till six months. It yields 100 viss of chilli per acre for the first time, and then it increases to 400-500 viss per acre. **SK**

More than 4,000 acres of croplands placed under lablab bean plantations

BUDALIN January 24

A total of 4,278 acres of lablab bean has been planted in Budalin Township of Sagaing Region, according to Budalin Township Department of Agriculture.

Local farmers have so far grown 4,278 acres of lablab bean against the target of 4,300 acres in Budalin Township in 2024-2025 cold season.

U Phyo Wai, Head of Budalin Township Agriculture Department commented: "Township authorities earmarked cultivation of 4,300 acres of lablab bean in the township. So far, local farmers have planted 4,278 acres of crops. Our department cooperates with local farmers with provision of quality strains of seeds, agricultural inputs and post-harvest technology."

Officials of the Township Agriculture Department assist local farmers in growing lablab bean with expansion of sown acreage, high yield strains of crops, using GAP system for boosting per-acre yield of crops.

The crops planted in GAP system can get higher quality than ordinary crops, fetch high prices and grasp market shares at home and abroad. So, farmers can enjoy higher incomes for their families.

SMK

Farmers grow more than 1,200 acres of onion in Kalay Township

KALAY January 24

According to the statistics of Kalay Township Department of Agriculture, local farmers have planted 1,279 acres of onion in Kalay Township of Sagaing Region.

They started cultivation of onion on 1,279 acres of croplands in October 2024 against the target of 2,319 acres of on in 2024-2025 cultivation season.



U Naing Tun Win, Head of Kalay Township Agriculture Department, commented: "Local authorities earmarked cultivation of more than 2,000 acres of onion in Kalay Township but farmers have so far planted more than 1,000 acres of onion against the target cultivation. Now, they are trying hard to meet the target. Our department helps local farmers seek market linkages for selling their crops."

Officials of the Township Agriculture Department provide techniques to preserve onion for long term storage, grow crops in GAP system and produce quality onion.

Farmers need to cost some Ks-1.8 million per acre of growing onion, yielding some 5,000 viss of onion per acre.

Onion is planted in Sagaing Region. Of them, Monywa, Yinmabin, ChaungU, Shwebo and Myinmu townships emphasize cultivation of onion on vast areas of croplands.

SMK

Myaung Township finishes cultivation of more than 2,000 acres of green gram

MYAUNG January 24

Statistics of Sagaing District Agriculture Department stated that a total of 2,187 acres of green gram has been planted in Myaung Township of Sagaing Region this cold season.

Reportedly, local authorities earmarked cultivation of 2,184 acres of green gram in the township in 2024-2025 cold season growing period but local farmers exceeded the target cultivation with 2,187 acres of crops.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "Township authorities set plans to grow 2,184 acres of green gram in Myaung Township but farmers planted 2,187 acres of crops. They will expand sown acreage of green gram in the township. Our department helped local farmers use quality seeds of crops for boosting per-acre yield of crops."

The Township Agriculture Department raises farmer awareness to use quality seeds of crops, use correct agricultural techniques and prevent pests in addition to systematically broadcast fertilizers for high yield of crops.

Officials of the Township Agriculture Department cooperate with local farmers to boost production of crops and provide quality seeds, agricultural inputs and post-harvest technology to local farmers.

SK

Eight killed, 7 injured in massive explosion at ordnance factory in India's Maharashtra

NEWDELHI January 24

At least eight people were killed and seven others injured Friday in a massive explosion inside an ordnance factory in the western Indian state of Maharashtra, local officials said.

The blast took place around 10:30 a.m. local time at the factory in Bhandara District, about 830 km east of Mumbai, the capital city of Maharashtra. Firefighters rushed to the spot to contain the situation.

The explosion caused the roof of the factory to collapse and trap the workers.

Authorities have brought in an excavator to remove the debris and look for the trapped ones. The injured were removed to the hospital in ambulances.

Reports said the sound of the blast was heard in a five-km radius.

Accidental explosions are common in Indian factories as owners and workers usually ignore safety standards.

India's Defence Minister Rajnath Singh expressed sadness over the blast, offered condolences to the families of the deceased, and prayed for the quick recovery of the injured.


Eight killed, 7 injured in massive explosion at ordnance factory in India's Maharashtra.

"The rescue teams are deployed at the site. All efforts are being made to provide assistance to those who are affected," Singh in a brief statement posted on social media said.

Xinhua

Hong Kong tourist killed by train while taking photos in Japan's Hokkaido

TOKYO January 24

A tourist from China's Hong Kong Special Administrative Region (HKSAR) lost her life in Japan's Otaru, Hokkaido, after being struck by a train on Thursday.

According to Japanese media reports, the accident occurred at around 11:30 a.m. local time near a railway crossing on the JR Hakodate Line. The victim was reportedly on the tracks taking photos of the ocean with her smartphone when she was struck by a rapid Airport Express train traveling from Otaru to New Chitose Airport. She was rushed to the hospital but was later pronounced dead.

The accident disrupted train services for approximately an hour and a half, affecting 19 trains.

The Chinese consulate general in Sapporo confirmed that it had immediately contacted Japanese authorities to gather details about the incident. The consulate is closely monitoring the situation and is in communication with relevant parties to provide necessary assistance to the victim's family.

Xinhua

Air quality in Laos reaches unhealthy levels


Air quality in Laos reaches unhealthy levels.

VIENTIANE January 24

Air pollution is affecting cities across Laos, with PM 2.5 fine particles reaching unhealthy levels, according to a report from the Ministry of Natural Resources and Environment on Friday.

The air quality index in Lao capital Vientiane reached a very unhealthy level, with PM 2.5 concentration hitting 152 micrograms per cubic meter, exceeding the safety threshold of 50 micrograms per cubic meter, said the report.

The provinces of Vientiane, Bolikhamxay, and Attapeu witnessed an unhealthy level of the PM 2.5 concentration exceeding 96 micrograms per cubic meter.

PM 2.5, the fine particulate matter that causes smog, is an air pollutant containing tiny particles with a diameter of less than 2.5 micrometers.

PM 2.5 can lodge in the lungs and enter blood vessels, leading to respiratory and cardiovascular disease.

Xinhua

Israeli forces to remain in Lebanon after withdrawal deadline

JERUSALEM January 24

Israel will maintain forces in southern Lebanon beyond the Sunday deadline stipulated in the ceasefire agreement with Hezbollah, the office of Prime Minister Benjamin Netanyahu announced Friday.

The agreement, signed on November 27, 2024, mandated a complete Israeli withdrawal from Lebanon within 60 days, concluding this Sunday.

However, Netanyahu's office stated that Israel will not meet this deadline, asserting that the Lebanese military has not yet established full control of the region and that Hezbollah forces have not fully withdrawn north of the Litani River.

"As the Lebanese state has not fully enforced the ceasefire agreement, the gradual withdrawal of Israeli troops will continue," the statement said, indicating a phased withdrawal rather than a complete pullout by the deadline.

The Israel Defence Forces' withdrawal is "contingent on the deployment of the Lebanese Army in southern Lebanon and its effective enforcement of the agreement, including Hezbollah's retreat beyond the Litani River," the statement added.

The decision has been coordinated with the United States, according to the statement.

A year of escalating cross-border fire between Israel and Hezbollah, following Hamas's October 7 attack on southern Israel and Israel's subsequent retaliation in Gaza, culminated in an Israeli ground invasion of southern Lebanon in October 2024.

Xinhua

Moscow's air defence repels Ukrainian drone attacks

MOSCOW January 24

Moscow's air defence systems were actively engaged in repelling a wave of Ukrainian drone attacks in the early hours of Friday, Moscow Mayor Sergei Sobyanin wrote on his Telegram channel.

Drone attacks occurred in multiple locations surrounding Moscow, including the Kolomna and Ramensky urban districts, southeast of the capital, where air defense forces successfully intercepted the drones, Sobyanin wrote.

Preliminary reports indicate no significant damage or casualties from falling debris. Emergency response teams were immediately dispatched to the affected sites, he wrote.

In the Podolsk urban district, two additional drones were shot down by air defense systems as they approached Moscow. Russian forces also neutralized a drone in the Troitsky Administrative District and another in the Shchyolkovo urban district of Moscow, according to the mayor.

As a precautionary measure, temporary restrictions on aircraft arrivals and departures were imposed at Moscow's Vnukovo, Domodedovo and Zhukovsky airports.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

'Pickup truck in sky': China's giant drone passes key test with 2,200-pound cargo

The CH-YH1000, an innovative transport drone developed by Aerospace CH UAV Co. Ltd., recently achieved a major milestone by completing a full-load taxiing test at Zhanghe Airport in Jingmen, Hubei Province.

This test, conducted on January 19, 2025, showcased the drone's capabilities under real-world conditions. Designed for logistical transport, emergency relief, and military support missions, the CH-YH1000 has been dubbed a "pickup truck in the air." It is poised to revolutionize logistics for remote areas lacking shipping infrastructure.

The taxiing test aimed to evaluate the drone's critical systems, including propulsion, brakes, and low-speed maneuverability, with a full load onboard.

The giant drone demonstrated stable performance, smooth speed adjustments, and operational reliability, setting the stage for its upcoming inaugural flight. Following this milestone, the development team announced plans to refine the aircraft further before its first takeoff.

Impressive capabilities for diverse missions

The new transport aircraft boasts a payload capacity of 2,200 pounds (1,000 kilograms), making it a valuable asset for both military and humanitarian operations. Its efficient energy consumption supports extended flight durations of over 10 hours, enabling it to complete long-range missions.

With a maximum takeoff weight of 5,070 pounds (2,300 kilograms), the drone reaches speeds of up to 124 miles per hour (200 km/h) and can operate at altitudes of 26,247 feet (8,000 meters).

These specifications equip the aircraft for operations in challenging environments, such as conflict zones or areas affected by natural disasters. Its ability to take off and land on short runways and rugged terrain provides unmatched flexibility.

Whether delivering medical supplies to disaster-stricken regions or supporting military logistics in remote locations, this drone is engineered to handle demanding tasks.

The drone's development reflects China's broader efforts to advance transport drone technology as a cost-effective solution for modernizing logistics. By replacing conventional vehicles in difficult or inaccessible areas, drones like the CH-YH1000 could transform supply chain operations, especially in regions with damaged infrastructure.

A milestone in China's drone ambitions

The project was initiated in March 2024, leveraging the extensive expertise of the Chinese Academy of Aerospace and Aerodynamics in unmanned aircraft technology.



The drone incorporates proven technologies and off-the-shelf components to accelerate its development. A prototype was unveiled at the Zhuhai Airshow in November 2024, showcasing its potential to the public.

The recent full-load taxiing test represents a critical step toward operational readiness. By simulating real-world conditions, the test ensured the drone's systems could handle the rigors of takeoff, landing, and in-flight operations. Engineers are now focused on optimizing its design for greater stability and reliability ahead of its maiden flight.

China's advancements in unmanned aerial technology are positioning it as a global leader in the rapidly expanding field of drone logistics. The cargo drone, with its heavy payload capacity and versatility, exemplifies the potential of unmanned transport aircraft to address logistical challenges in both civilian and military contexts.

IE

Scientists turn water into electricity to power new fire-detecting sensor



Researchers at the Chung-Ang University in Korea have developed a fire sensor that is powered by hydrovoltaics (HV) instead of batteries. Hydrovoltaics, where electricity is generated due to the interaction of water molecules with nanostructured materials, is a cost-effective and sustainable approach to powering small devices, a press release said.

As the world looks to transition to sustainable and clean energy approaches, there is also a need to overhaul energy systems used in small devices. While large wind and solar power plants may power homes and offices, we must find greener ways to power smaller devices like remote controls or electrical sensors.

Fire sensors are a major example of those working independently of the grid. Required to operate even in case of power outages, these sensors rely on batteries. But they are also at risk of exploding in case of a fire. This is where an alternative energy system such as hydrovoltaics can help.

Hydrovoltaic-powered fire sensor

Since an HV system draws power from water and is partially immersed in it, it is much safer than batteries that can explode during a fire. Additionally, conventional fire sensor systems are prone to false alarms triggered by smoke from cooking or dust.

On the other hand, an HV system can use changes to water flow caused by evaporation during a fire to deliver more accurate responses. Yet, little research has gone into powering fire sensors with hydrovoltaics.

A research team led by Byungil Hwang, an associate professor at the School of Integrative Engineering at Chung-Ang University in South Korea, developed a hydrovoltaic device that works as a fire sensor and can generate electricity.

How does it work?

A HV system uses a nanoporous layer with a highly charged surface that can attract protons from the water. The attraction of positively charged protons with negatively charged nanostructure surfaces forms an electrical double layer (EDL).

Evaporation caused by the fire acts as a driving force and causes water to rise from the immersed region of the layer to the non-immersed region through capillary action, generating asymmetry of proton densities. This results in a potential difference, also known as streaming potential, which can be used to produce electricity.

In their device, the research team at Chung-Ang University used waste cotton, Triton-X, and Ppy to make their nanoporous layer, commonly known as CPT. The CPT layer was placed in a cylindrical tube with aluminum electrodes at each end. Ppy is black in color and enhances light absorption, while Triton-X helps induce a high surface charge.

IE

Health and Environmental Sustainability

အီးယူအဖွဲ့၏ဆိုလာစွမ်းအင်အသုံးပြုမှုက ပထမဆုံးအကြိမ်အဖြစ် ကျောက်မီးသွေးအသုံးပြုမှုကို ကျော်တက်



ဥရောပသမဂ္ဂအဖွဲ့(အီးယူ)တွင် ဆိုလာစွမ်းအင် သို့မဟုတ် နေရောင်ခြည်စွမ်းအင် အသုံးပြုမှုသည် ၂၀၂၄ ခုနှစ်အတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျောက်မီးသွေးအသုံးပြုမှုကို ကျော်တက်သွားခဲ့သည်ဟု ဇန်နဝါရီလ ၂၃ ရက်တွင် ထုတ်ပြန်သည့် သုတေသနပြုချက်အရသိရသည်။

ယခုအခါ ဆိုလာစွမ်းအင်အသုံးပြုမှုသည် အီးယူအဖွဲ့ဝင်နိုင်ငံများတွင် မြင့်တက်လာပြီး အဆိုပါစွမ်းအင်အပါအဝင်ရေအား လျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်မှုသည် အီးယူတစ်ဖွဲ့လုံး၏ စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၄၇ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာခဲ့ကြောင်း စွမ်းအင်အရင်းအမြစ်များကို အဓိကထားလေ့လာသည့် Ember သုတေသနအဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများတွင် ဆိုလာစွမ်းအင်အသုံးပြုမှု မြင့်တက်လာပြီး ရုပ်ကြွင်းလောင်စာတင်သွင်းမှုကို ၂၀၁၉ ခုနှစ်မှစ၍ လျှော့ချနိုင်ခဲ့သောကြောင့် စီးပွားရေးအရယူရို ၅၉ ဘီလီယံ (ဒေါ်လာ ၆၁ ဒသမ ၄ ဘီလီယံ) ခန့်သက်သာစေခဲ့သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကိုပါလျှော့ချနိုင်ခဲ့သည်။

သို့သော် အီးယူအဖွဲ့အနေဖြင့် ဆိုလာစွမ်းအင်အသုံးပြုမှုမြင့်တက်လာခြင်းတွင် စိန်ခေါ်မှုအချို့နှင့် ရင်ဆိုင်နေရသည်။ အကြောင်းမှာ အီးယူအဖွဲ့အနေဖြင့် ဆိုလာစွမ်းအင်ထုတ်ယူရာတွင် လိုအပ်သည့် ဆိုလာပြားများကို အလုံအလောက် ထုတ်လုပ်ပေးနိုင်ခြင်းမရှိသောကြောင့် လက်ရှိအသုံးပြုနေသည့် ဆိုလာပြား ၉၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံမှတင်သွင်းနေရသည်။

ထို့ကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်ရန်အတွက် လိုအပ်သည့် ဆိုလာပြား ၄၀ ရာခိုင်နှုန်းကို အဖွဲ့ဝင်နိုင်ငံများအတွင်း၌ ထုတ်လုပ်နိုင်ရန်နှင့် အခြားလိုအပ်သည့် နည်းပညာများကို လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင်အသုံးချနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများကြား သဘောတူညီချက်တစ်ရပ်ချမှတ်ထားပြီးဖြစ်သည်။

ဆိုလာစွမ်းအင်သည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှင့် ဈေးအသက်သာဆုံး စွမ်းအင်အရင်းအမြစ်များအနက်မှ တစ်ခုဖြစ်ရာ ယင်းစွမ်းအင်အသုံးပြုမှုသည် လာမည့် အနာဂတ်ကာလတွင်လည်း ဆက်လက်တွင်ကျယ်လာမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့် ဆိုလာစွမ်းအင်ကို ရွေးချယ်ခြင်းအားဖြင့် အီးယူနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကိုပါ လျှော့ချရန်တာဝန်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလေယန်က ပြောကြားထားသည်။ N.A

၂၀၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ ရုပ်ကြွင်းလောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အနိမ့်ဆုံးအဆင့်သို့ရောက်ရှိ

ပြင်သစ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နျူကလီးယားနှင့်ရေအားလျှပ်စစ်စွမ်းအင် အရင်းအမြစ်များကို အသုံးပြုခြင်းအားဖြင့် နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်း ထုတ်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ရုပ်ကြွင်းလောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အနိမ့်ဆုံးအဆင့်သို့ရောက်ရှိလာသည်။

ပြင်သစ်အစိုးရသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ကျသည့် အရင်းအမြစ်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံအတွင်းရှိ နျူကလီးယားစွမ်းအင်စက်ရုံအချို့ကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ပြီး ယင်းစက်ရုံများကို ၂၀၂၄ ခုနှစ်တွင် ပြန်လည်အသုံးပြုခဲ့ရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ၁၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

ထို့ပြင် နိုင်ငံအတွင်းပြီးခဲ့သည့်နှစ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းသည် ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုထူးခြားစွာ မြင့်တက်လာစေခဲ့သည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံ၏ ရုပ်ကြွင်းလောင်စာများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ၂၀၂၄ ခုနှစ်တွင် ၁၉၅၀ ပြည့်နှစ်များမှစ၍ အနိမ့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အများဆုံးထုတ်လွှတ်သည့် အရင်းအမြစ်မှာ ကျောက်မီးသွေးဖြစ်ရာ နိုင်ငံအတွင်းရှိကျောက်မီးသွေးဖြင့် စွမ်းအင်ထုတ်လုပ်သည့်စက်ရုံများကို လာမည့် ၂၀၂၇ ခုနှစ်တွင် ပိတ်ပစ်ရန် အစိုးရကစီစဉ်ထားသည်။ N.A



ရောဂါကူးစက်မှုများမဖြစ်ပွားစေရန် ကာကွယ်ခြင်းနှင့် ကုသမှုခံယူခြင်းတို့က စိတ်ဖောက်ပြန်မှုကိုတားဆီးပေးနိုင်

ရောဂါကူးစက်မှုများ မဖြစ်ပွားစေရန် ကာကွယ်ခြင်းနှင့်ကုသမှုခံယူခြင်းတို့သည် ရောဂါကြောင့် ဖြစ်ပွားတတ်သည့် စိတ်ဖောက်ပြန်မှုကို တားဆီးပေးနိုင်သည့် အဓိကနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း ယခုရက်သတ္တပတ်အတွင်းက ထုတ်ပြန်သည့် သုတေသနအစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

စိတ်ဖောက်ပြန်မှုသည် ဗိုင်းရပ်ပိုးနှင့် အခြားဗက်တီးရီးယား ကူးစက်မှုများနှင့် ဆက်နွယ်လျက်ရှိသောကြောင့် ကာကွယ်ဆေးများထိုးနှံမှုခံယူခြင်း၊ ပဋိဇီဝဆေးများနှင့် ထိရောက်သောဆေးဝါးများဖြင့် ကုသမှုခံယူခြင်းတို့သည် ရောဂါကြောင့်ဖြစ်ပွားလေ့ရှိသော အဆိုပါစိတ်ဖောက်ပြန်မှုရောဂါကို လျှော့ချပေးနိုင်သည့်နည်းလမ်းများဖြစ်ကြောင်း ကိန်းဘရစ်တက္ကသိုလ် ဆေးရုံ စိတ်ရောဂါကုသမှုဌာနမှ ပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာဘင်ဂျမင်အန်ဒါဝုဦးဆောင်သည့် သုတေသီအဖွဲ့ကပြောသည်။

ထို့ပြင် ဗိုင်းရပ်ပိုးကူးစက်မှုကိုကာကွယ်တားဆီးနိုင်သည့်ဆေးဝါးများသည် ရောဂါကြောင့်ဖြစ်ပွားတတ်သည့် စိတ်ဖောက်ပြန်မှုအားကုသရာတွင် အလားအလာကောင်းမွန်သည့် ဆေးဝါးများအဖြစ်တွေ့ရှိရလေ့ရှိကြောင်း ၎င်းကဆက်ပြောသည်။

ဒေါက်တာ ဘင်ဂျမင်အန်ဒါဝု ဦးဆောင်သည့် သုတေသီအဖွဲ့သည် လူပေါင်းသန်း ၁၃၀ ကျော်ပါဝင်သည့် လေ့လာမှုပေါင်း ၁၄ ခုကို စူးစမ်းစစ်ဆေးခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိမှုရလဒ်ကို Alzheimer's and Dementia: Translational Research & Clinical Interventions ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ N.A

လေဆိပ်အနီးနေထိုင်ခြင်းက နှလုံး၏လုပ်ဆောင်ချက်များကိုထိခိုက်စေသည်ဟုဆို



လေဆိပ်နှင့်အနီးတွင် နေထိုင်ခြင်းသည် နှလုံး၏လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်ပြီး နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ခြင်းတို့ ပိုမိုဖြစ်ပွားမည့်အန္တရာယ်ရှိကြောင်း လေ့လာမှုသစ်တစ်ရပ်တွင်ဖော်ပြသည်။

လေယာဉ်အတက်၊ အဆင်းများပြားပြီး ဆူညံလွန်းသည့် လေဆိပ်များအနီးတွင် နေထိုင်သူများသည့် ဆူညံသံများကြောင့် ပုံမှန်မဟုတ်သည့် နှလုံးခုန်မှုများဖြစ်ပေါ်ခံစားရလေ့ရှိပြီး အခြားသူများနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏နှလုံးလုပ်ဆောင်ချက်များမှာ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုဆိုးရွားလေ့ရှိကြောင်း၊ အထူးသဖြင့် ဆူညံလွန်းသည့် လေဆိပ်များအနီးတွင် နေထိုင်သူများ၏ နှလုံးရှိကြွက်သားသည် ပိုမိုတောင့်တင်းလာသောကြောင့် နှလုံး၏လုပ်ဆောင်ချက်ကို ထိခိုက်စေကြောင်း နှလုံးရောဂါဆိုင်ရာ အမေရိကန်ကောလိပ် ဂျာနယ်တွင် ဖော်ပြထားသည်။

ထို့ပြင် နှလုံး၏ ကြွက်သားပြောင်းလဲလာမှုသည် နှလုံးရောဂါဖြစ်ပွားနိုင်မှုကို လေးဆပိုမိုမြင့်တက်စေကြောင်း သုတေသီများက ပြောကြားထားသည်။

သုတေသီများသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟိသရိုးနှင့် ဂက်ဝစ်လေဆိပ်တို့နှင့် ဘားမင်ဟမ်၊ မန်ချက်စတာမြို့တို့ရှိ လေဆိပ်များအနီးတွင် နေထိုင်သည့် လူပေါင်း ၃၆၀၀ ကျော်ကို လေ့လာစစ်ဆေးသည့် ဗြိတိန်နိုင်ငံ Biobank ကျန်းမာရေးဆိုင်ရာသုတေသနစီမံကိန်းမှ အချက်အလက်များကို အကဲဖြတ်စိစစ်ခဲ့ခြင်းဖြစ်သည်။ N.A

နျူကလီးယားလက်နက်များလျှော့ချမည့်အကြံအစည်ကို ပူတင်ထောက်ခံဟု ထရမ့်ပြော



မော်စကို၊ လုံခြုံရေး

နျူကလီးယားလက်နက်များလျှော့ချမည့် အမေရိကန်၏အကြံအစည်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ထောက်ခံကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်အစိုးရအနေဖြင့် နျူကလီးယားလက်နက်များလျှော့ချနိုင်ရေးအတွက် ရုရှား၊ တရုတ်နိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်မည်ဟုမျှော်လင့်ကြောင်း၊ ယင်းအစီအစဉ်ကို ပူတင်က ထောက်ခံကြောင်း ထရမ့်က ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့၌ ဧန်နဝါရီလ ၂၃ ရက်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ပြောကြားခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်အနေဖြင့် နျူကလီးယားလက်နက်အရေအတွက်ကို လျှော့ချရန်ဆန္ဒရှိမည်ဖြစ်ကြောင်း၊ ထိုနည်းတူ မိမိအနေဖြင့်လည်း ထိုသို့လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ထရမ့်က အဆိုပါဖိုရမ်တွင် ဆက်လက်ပြောကြားသည်။

ရုရှားနှင့် အမေရိကန်တို့ကြား ဖြန့်ကြက်ထားသည့် မဟာဗျူဟာမြောက် နျူကလီးယားထိပ်ဖူးများကို ဆယ်စုနှစ်များအတွင်း အနိမ့်ဆုံးအဆင့်သို့လျှော့ချရန် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်သည် လာမည့် ၂၀၂၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင်နျူကလီးယားလက်နက်များကို အများဆုံးပိုင်ဆိုင်ထားသော်လည်း သမ္မတပူတင်အပါအဝင် ရုရှားအစိုးရအဖွဲ့မှ အရာရှိများက ယင်းလက်နက်များအား နောက်ဆုံးမဖြစ်မနေ အသုံးပြုရန်လိုအပ်မှသာ အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ပြင် ရုရှားသမ္မတ ပူတင်အနေဖြင့် အမေရိကန်သမ္မတ ထရမ့်နှင့်တွေ့ဆုံရန် အသင့်ရှိကြောင်း ရုရှားအစိုးရက ဧန်နဝါရီလ ၂၄ ရက်တွင် ပြောကြားခဲ့ကြောင်းသိရသည်။

Ref: RT

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ လက်နက်သိုလှောင်ရုံတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား ရှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှထရာပြည်နယ်ရှိ လက်နက်သိုလှောင်ရုံတစ်ခုတွင် ဧန်နဝါရီလ ၂၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

ပေါက်ကွဲမှုသည် ဘန်ဒါရာခရိုင်ရှိ လက်နက်သိုလှောင်ရုံတွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲခန့်ကဖြစ်ပွားခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ရာသို့အာဏာပိုင်များက မီးသတ်တပ်ဖွဲ့ဝင်များအား စေလွှတ်ခဲ့သည်။

ပေါက်ကွဲမှုကြောင့် သိုလှောင်ရုံ၏အမိုးမှာ အလုပ်သမားများအပေါ်ပြိုကျခဲ့ခြင်းဖြစ်ရာ ကယ်ဆယ်ရေးအဖွဲ့က အပျက်



အစီးများကြား ပိတ်မိနေသူများအား ရှာဖွေရန်အတွက် မြေတူးစက်ကိုအသုံးပြုလျက်ရှိကြောင်းသိရသည်။

အဆိုပါလက်နက်သိုလှောင်ရုံပေါက်ကွဲမှုကို ၅ ကီလိုမီတာအကွာမှ ကြားခဲ့ရကြောင်းနှင့် ပေါက်ကွဲမှုကြောင့် ထိခိုက်ခဲ့ရသူများကို အကူအညီပေးအပ်နိုင်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိသည်။

Ref: Xinhua

သတင်းတိုကဏ္ဍ

အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်နှစ်ဦးကို တူကီယဲဖမ်းဆီး

တူကီယဲရဲတပ်ဖွဲ့သည် အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မီဒီယာတစ်ခုက ဧန်နဝါရီလ ၂၄ ရက်တွင် ဖော်ပြသည်။

တူကီယဲ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် သတင်းပေးချက်အရ အီစတန်ဘူမြို့ရှိ ငါးထပ်အဆောက်အအုံတစ်ခု၏ မြေအောက်ခန်းအတွင်းမှ စစ်သွေးကြွခေါင်းဆောင်များကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း NTV ရုပ်သံဌာနက ဖော်ပြသည်။ ဖမ်းဆီးခံခဲ့ရသူများမှာ အသက် ၄၅ နှစ်နှင့် ၅၁ နှစ်အရွယ် အမျိုးသားကြီးများဖြစ်ကြောင်း သိရသည်။

၎င်းစစ်သွေးကြွများသည် တူကီယဲနိုင်ငံရှိ အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့တွင် ၂၀၁၈ ခုနှစ်မှစ၍ ပါဝင်ခဲ့သူများဖြစ်သည်။

Ref: Xinhua

သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးလျက်ရှိ

သီရိလင်္ကာနိုင်ငံတွင် ဧန်နဝါရီလ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးများဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သဘာဝကပ်ဘေးစီမံခန့်ခွဲမှုဗဟိုက ထုတ်ပြန်သည်။

သဘာဝဘေးဒဏ်များကြောင့် ဒေသခံပြည်သူ ၉၂၃၅၂ ဦးမှာ ဘေးဒဏ်ခံစားခဲ့ရပြီး နိုင်ငံအတွင်း၌ မိုးဆက်လက်သည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

နိုင်ငံအတွင်းရှိ ဒေသအများအပြားတွင် မိုးရေချိန်သည် ၇၅ မီလီမီတာကျော် ထပ်မံရွာသွန်းနိုင်ကြောင်း သိရသည်။

Ref: Xinhua

ဩစတြေးလျနိုင်ငံ မဲဘုန်းမြို့တွင် ပစ်ခတ်မှုဖြစ်ပွား ဆယ်ကျော်သက်အရွယ်နှစ်ဦး ဒဏ်ရာရရှိ

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် မဲဘုန်းမြို့တွင် ဧန်နဝါရီလ ၂၄ ရက် အစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ ဆယ်ကျော်သက်အရွယ်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ပစ်ခတ်မှုသည် မဲဘုန်းမြို့လယ်ကောင်မှ အရှေ့မြောက်ဘက် ၃ ကီလိုမီတာအကွာရှိ ကောလင်းဝုဒေသတွင် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

ဒဏ်ရာရရှိသူများမှာ အသက် ၁၅ နှစ်နှင့် ၁၇ နှစ်အရွယ်ရှိ လူငယ်များဖြစ်ပြီး ဒဏ်ရာပြင်းထန်ကြောင်း၊ ၎င်းတို့အား အာဏာပိုင်များက ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါပစ်ခတ်မှုသည် တိုက်ခိုက်ခံရသူများအား အဓိကပစ်မှတ်ထားလုပ်ဆောင်သည့် တိုက်ခိုက်မှုဖြစ်ကြောင်း အာဏာပိုင်များက ယူဆလျက်ရှိသည်။ **Ref: Xinhua**

ယူကရိန်းပဋိပက္ခက ရေနံဈေးနှုန်းမြင့်တက်ခြင်းနှင့် သက်ဆိုင်မှုမရှိဟု ပက်စကော့ပြောကြား


မော်စကို၊ စီးပွားရေး

ယူကရိန်းပဋိပက္ခသည် ရေနံဈေးနှုန်းမြင့်တက်ခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်း ရုရှားအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဧန်နဝါရီလ ၂၄ ရက်တွင်ပြောကြားသည်။

ယူကရိန်းပဋိပက္ခသည် ရုရှားနိုင်ငံ၏အမျိုးသားလုံခြုံရေးအပေါ် ကျရောက်လာသည့်ခြိမ်းခြောက်မှုဖြစ်ပြီး ရုရှား၏စိုးရိမ်ပူပန်မှုများကို အနောက်နိုင်ငံများက အလေးထားရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ရေနံဈေးနှုန်းများနှင့်သက်ဆိုင်မှုမရှိကြောင်း ပက်စကော့က သတင်းထောက်များကိုပြောကြားရာတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ယူကရိန်းနိုင်ငံက နေတိုးအဖွဲ့သို့ ဝင်ရောက်ရန်ကြိုးပမ်းခြင်းသည် နိုင်ငံအတွင်းရှိ အချို့နယ်မြေများရှိ ရုရှားနိုင်ငံသားများအတွက် ခြိမ်းခြောက်မှုဖြစ်လာကြောင်း၊ သို့သော် အဆိုပါကိစ္စရပ်ကို အမေရိကန်နှင့် ဥရောပနိုင်ငံများက လျစ်လျူရှုခဲ့ခြင်းကြောင့် ယူကရိန်းပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်စေရေးအတွက် ရေနံဈေးနှုန်းကိုလျှော့ချရန် ဆော်ဒီအာရေဗျနိုင်ငံနှင့် OPEC နိုင်ငံများအား တောင်းဆိုမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧန်နဝါရီလ ၂၃ ရက်တွင် ပြောကြားပြီးနောက် ရုရှားအစိုးရ၏ တုံ့ပြန်ပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။



ယခုအခါ ရေနံဈေးနှုန်းသည် မြင့်တက်လျက်ရှိသောကြောင့် ယူကရိန်းပဋိပက္ခသည် ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Sputnik

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကက်သလစ်သီလရှင်လေးများဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးဝင်းလှိုင်ဦးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှု အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကက်သလစ်သီလရှင်လေးများဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအဖွဲ့သည် ကက်သလစ်သီလရှင်လေးများဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး/အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးပေးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကာ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းသည် ကာလတိုသင်တန်းဖြစ်သည့်အတွက် သင်တန်းကပို့ချပေးလိုက်သော သင်ခန်းစာများသည် သင်တန်းသား၊ သင်တန်းသူများအတွက် ပြည့်စုံခြင်းမရှိသော်လည်း ဥပဒေအသိအမြင်များ ရရှိမည်ဟု ယုံကြည်ကြောင်း၊ ယခု သင်တန်းကရရှိသည့် ဥပဒေအသိအမြင် ဗဟုသုတများကိုအခြေခံပြီး ဆက်လက်လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြပြီး ရက်သတ္တ ၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

ရေထွက်ကုန်လုပ်ငန်းများဖွံ့ဖြိုးလာရေး ဘက်စုံကဏ္ဍစုံမှကြိုးပမ်းကြရန်လိုအပ်



နေပြည်တော် ဇန်နဝါရီ ၂၄

မွေးမြူရေးကိုအခြေခံသည့် အသားငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြူရုန်းအသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စဉ် တိုင်းဒေသကြီးတာဝန်ခံနှင့် ခြံတာဝန်ခံတို့က မျိုးရည်ခဲချောင်းထုတ်လုပ်နိုင်သော F2 ဘရာမင်အသားတိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ အသားတိုးနွားမွေးမြူရေးဆိုင်ရာ နည်းပညာများ ဖြန့်ဖြူးပေးနိုင်မှုနှင့် အသားတိုးနွားမွေးနွားမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မွေးမြူရေးတိရစ္ဆာန်၏ ကျန်းမာသန်စွမ်းမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အသားထွက်ရှိမှုအရည်အသွေးများသည် ယင်းတို့ကိုကျွေးမွေးသည့် အစာအာဟာရအပေါ် များစွာတည်မှီနေသဖြင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမှုရှိသည့် တိရစ္ဆာန်အစာပင်များနှင့်အစာပင်အမျိုးအစားအလိုက် အာဟာရပါဝင်မှုများအပါအဝင် တိရစ္ဆာန်အစာနှင့်သက်ဆိုင်သော သုတေသနများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူအကျိုးရှိစေမည့် F2 အမျိုးကို (၁၀၀ ရာခိုင်နှုန်း) ဘရာမင်မျိုးရည်ခဲချောင်းဖြင့် မျိုးမြှင့်သားစပ်ပြီး ဘရာမင်မျိုး (၈၇ ဒသမ၅ ရာခိုင်နှုန်း)ပါဝင်သောအသားတိုးနွားမျိုးသစ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး မွေးမြူရေးခြံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ် မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(မန္တလေး)သို့ သွားရောက်၍ မျိုးငါးများပြုစုထားရှိမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာရှိ ဥစ္စာကြက် မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထွန်း(ခ)ဦးကျောက်ဆီထင်၏ ဥစ္စာကြက်ကောင်ရေ ၁၀၀၀၀၀ မွေးမြူထားသည့် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

ရွှေသံလွင်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)ရှိသင်တန်းခန်းမ၌ အခြေခံမော်တာစက်ချုပ်သင်တန်းပို့ချနေမှုကို အားပေးကြည့်ရှုပြီး သင်တန်းသားများ၏ အရည်အသွေးအာမခံချက်ရှိစေရေး အလေးထားဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရွှေသံလွင်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် LZK Apparel Co.,Ltd.၊ Tha Shu (Myanmar) Glory Fashion Co.,Ltd. နှင့် Pak Chun Industrial Limited Co.,Ltd. စက်ရုံတို့၌ စက်ရုံတာဝန်ခံနှင့် မန်နေဂျာ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ရန်၊ လုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ကျန်းမာပျော်ရွှင်စွာ လုပ်ကိုင်နိုင်ခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်စေပြီး အပြန်အလှန်အကျိုးပြုနိုင်ကြောင်း၊ အလုပ်ရှင်၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားများလုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း၍ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် ရှောင်ရန်၊ ဆောင်ရန်အချက်များကို သိရှိလိုက်နာဆောင်ရွက်ရန်မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)ကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဘာသာရပ်အလိုက် ယှဉ်ပြိုင်နေသည့် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း စသည့်အားကစား ပစ္စည်းများကို ပေးအပ်သည်။



ထို့နောက် တက္ကသိုလ်ဘက်စုံသုံးခန်းမ ရှေ့ မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ တက္ကသိုလ် လူမှုဆန်းသစ်တီထွင်မှုအထောက်အကူပြု ယူနစ် (Social Innovation Support Unit) တွင် စာသင်ချိန်ပြင်ပတက္ကသိုလ်လှုပ်ရှားမှု အစီအစဉ်ဖြင့် ခဲပန်းချီရေးဆွဲခြင်း၊ စက္ကူဖြင့် ပြုလုပ်သောလက်မှုအနုပညာများ၊ ချည်ထိုးလက်မှုပညာ လက်တွေ့ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားသော ပဲတီစိမ်း ၁၀ ဧက စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး သုတေသနလုပ်ငန်းများ အဆင့်မြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံ ပြည့်ဝသော သမဝါယမစီးပွားရေးပညာ တတ်များမွေးထုတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားသည့် သမဝါယမမဦးစီးဌာန၏ သီးနှံစိုက်ခင်းမှ ထွက်ရှိသော New Green F1 မျိုးဘရိုကိုလီ ပန်းပွင့်စိမ်းများကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ သန်လျင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်/ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဘုရားကုန်းကျေးရွာ အဝင်လမ်း ၃၃၈၇ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ONE-170 ပြိုင်ပွဲတွင် မြန်မာလူငယ်ဖိုက်တာ သန့်ဇင် ရှုံးပွဲကြုံတွေ့

ရန်ကုန် ဇန်နဝါရီ ၂၄


ONE–170 ပြိုင်ပွဲကို ယနေ့ည၁၀နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ သန့်ဇင်သည် ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်ကို ဒုတိယအချီတွင် ရှုံးနိမ့်ခဲ့သည်။

မြန်မာလူငယ်ဖိုက်တာ သန့်ဇင်သည် နောက်ဆုံးထိုးသတ်သည့်ပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် အနိုင်ရရန်ကြိုးပမ်းခဲ့သော်လည်း သမ္ဘာနှင့် နည်းဗျူဟာကွာဟမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် သန့်ဇင်သည် ဆူရီရန်လက်ခ်ကို အပြန်အလှန်ထိုးသတ်နိုင်သလို အနည်းငယ်ပင် အသာရခဲ့သည်။ သို့သော် ဒုတိယအချီတွင် ဆူရီရန်လက်ခ်က နည်းဗျူဟာပိုင်းပြောင်းလဲကာ လက်သီးချင်းဆိုင်ထိုးရာ သန့်ဇင် အထိနာခဲ့ပြီး နှစ်ကြိမ်တိုင် အမှတ်စဉ်ရေတွက်ခံရသည်။ ဒုတိယအချီ ၂ မိနစ် ၉ စက္ကန့်တွင် ဆူရီရန်လက်ခ်က လက်သီးချက်ဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ ဆူရီရန်လက်ခ်သည် အတွေ့အကြုံသာသည့် အားလျော်စွာ ပွဲတစ်ပွဲကို ချဉ်းကပ်မှုကောင်းခဲ့ပြီး နည်းဗျူဟာပိုင်းပြောင်းလဲကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။

သန့်ဇင်သည် ONE နှင့် လက်တွဲပြီး လေးပွဲမြောက်တွင် နှစ်ပွဲမြောက်အရေးနိမ့်ခြင်းဖြစ်ပြီး နှစ်ပွဲဆက်တိုက်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဆူရီရန်လက်ခ်မှာမူ ONE နှင့် လက်တွဲပြီး ၁၀ ပွဲမြောက်ထိုးသတ်ရာတွင် ခုနစ်ပွဲမြောက်အနိုင်ရခဲ့ခြင်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-ONE Championship



◆ ကျောပိုးမှအဆက်

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက အား/ကာသိပွဲ အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပွဲအသင်းသည် နည်းပြသစ် ဦးသာကျော်လက်ထက် ပထမဆုံးရှုံးပွဲ နှင့်ရင်ဆိုင်ခဲ့ရပြီး ထိပ်ဆုံးအသင်းများနှင့် အမှတ်ကွာဟမှုမလျော့ချနိုင်သလို အဆင့် ၅ နေရာအတွက် ရတနာပုံနှင့် မဟာယူနိုက်တက်အသင်းတို့၏ ဖိအားပေးခြင်းခံခဲ့ရသည်။ မဟာယူနိုက်တက်အသင်းသည် တောင်ပံတိုက်စစ်ကစားသမားကျော်စွာမင်း၏ဂိုးဖြင့် နိုင်ပွဲပြန်ယူနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲအစ ၄ မိနစ်မှာပင် အား/ကာသိပွဲအသင်းမှ စိုးလင်းအောင် ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့သည်။ အား/ကာသိပွဲအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာသော်လည်း ဖိ၁ မိနစ်မှ ဂိုးပြန်ရခဲ့ပြီး သန်းတိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော် ဂု၈ မိနစ်တွင် ကျော်စွာမင်းက မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ ကျော်စွာမင်းကရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပွဲအသင်းက ၂၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၃ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် နိုင်ပွဲဆက်ခဲ့ပြီး အဆင့် ၅ နေရာမှ အား/ကာသိပွဲအသင်းကို နှစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၄ မိနစ်တွင် စခန့်ချော၊ ၄၁ မိနစ်တွင် ပြည်မိုး၊ ၉၀+၂ မိနစ်တွင် ကြည်စိုးတို့က သွင်းယူခဲ့ပြီး ဧရာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၃ မိနစ်တွင် ညီညီအောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံတိုက်စစ်မှူး ပြည်မိုးကရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၂၅ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၇) ဒုတိယနေ့ကို ဇန်နဝါရီလ ၂၅ ရက် **(ယနေ့)** သုဝဏ္ဏကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း-ရဲရင့်လွင်

ဓာတ်ပုံ-MNL



❖ ရှိမ္ဘကားတောရကြီးကျောင်းမှ

ရှိမ္ဘကားတောရကြီးကျောင်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရှိမ္ဘကားကျေးရွာနှင့် ငါးရယ်ကျေးရွာတို့အကြား၊ ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ မင်းတုန်းမင်းတရားကြီး လက်ထက် ၁၂၅၅ ခုနှစ်၊ ကဆုန်လပြည့် ကျော် (၇) ရက်နေ့တွင် ရှိမ္ဘကားတောရကြီး ကျောင်းနယ်မြေအဖြစ် မူလပထမရွှေကျင် ဆရာတော်ဘုရားကြီးထံ လှူဒါန်းခဲ့ပြီး သီတင်းသုံးနေထိုင်သည့် ဆရာတော်ကြီး များမှ ခေတ်အဆက်ဆက်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသဖြင့် တောတောင် သဘာဝအလှအပရှုခင်းများ၊ အဖိုးတန် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြင့် ခံ့ညားထည်ဝါနေသော အဆောက်အအုံများ ယနေ့တိုင် ပျက်စီးပျောက်ကွယ်သွားခြင်းမရှိဘဲ တည်ရှိနေပါသည်။

ရှိမ္ဘကားတောရကြီးကျောင်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၃၂၇) ဧကရှိသော ဒေသတွင် သဘာဝဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့ (IUCN)၏ ကာကွယ်ထိန်းသိမ်းမှုအဆင့် သတ်မှတ်ချက်အရ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered–EN) စာရင်းဝင် ရှားပါး၍ မြန်မာနိုင်ငံတွင်သာ ပေါက်ဖွားကျက်စား လျက်ရှိသော မျိုးစိတ် (Endemic Species – ED) ဖြစ်သည့် မြန်မာ့ရွှေသမင်များနှင့် တောကြောင်မျိုးစိတ်များ၊ ရှဉ့်၊ တွားသွား သတ္တဝါများနှင့် ခါ၊ ရွှေပြည်စိုး၊ ကြက်တူရွေး စသည့် ငှက်မျိုးစိတ်များ ကျက်စားရာဒေသ ဖြစ်သောကြောင့် ရေရှည်တည်တံ့စေရန် အတွက်လည်းကောင်း၊ အပူပိုင်းတောခြောက် အမျိုးအစားတွင် ရှင်သန်ပေါက်ရောက်သည့် သန်း၊ ဒဟတ်၊ တမာ၊ ရှာ၊ ကုက္ကိုစသည့် သစ်မျိုးများနှင့် အခြားအပင်မျိုးစိတ်များ ပေါက်ရောက်ခြင်းကြောင့် အပူပိုင်းဒေသ ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ **"ရှိမ္ဘကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"** အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။


ရှိမ္ဘကားတောရကြီးကျောင်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတည်ထောင်ထိန်းသိမ်း ခြင်းအားဖြင့် မြန်မာ့ရွှေသမင်များ ကျက်စား နေထိုင်ရာ နေရင်းဒေသများအား ရေရှည် တည်တံ့စေရန်စောင့်ရှောက်နိုင်ခြင်း၊ အပူပိုင်း သစ်တောဂေဟစနစ်များနှင့် သစ်တော ဖုံးလွှမ်းမှု ပိုမိုကောင်းမွန်လာပြီး ထာဝစဉ် တည်ရှိနေခြင်းအားဖြင့် ရာသီဥတုမျှတစေ ခြင်းနှင့် ကောင်းမွန်သော မြေဩဇာ၊ မြေဆီ များကို ထိန်းသိမ်းထားနိုင်ခြင်း၊ ရေတိုက်စား ခြင်း၊ မြေပြိုခြင်းနှင့်ချောင်းကောခြင်းများကို သက်သာစေနိုင်ခြင်း၊ မြစ်၊ ချောင်းများ ရေစီးရေလာများ ကောင်းမွန်လာစေခြင်း၊ တောတောင်ရေမြေနှင့် သဘာဝသစ်ပင်များ အမြဲတမ်း စိမ်းလန်းစိုပြည်လာခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် စားကျက် များကောင်းမွန်ခြင်းနှင့် အကောင်အရေ အတွက် တိုးတက်ပွားများလာစေခြင်း၊ တောတောင်ရေမြေသစ်ပင်များ ဖွံ့ဖြိုး ကောင်းမွန်လာစေခြင်းအားဖြင့် မြေနိမ့်ပိုင်း လယ်ယာမြေများတွင် သဘာဝမြေဩဇာ များပေါကြွယ်ဝ၍ စိုက်ပျိုးသည့် ကောက်ပဲ သီးနှံများ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာ စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိ နိုင်မည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။

လွိုင်လင်မြို့နယ်၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်

လွိုင်လင် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နောင်ပါတက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



ထိုသို့စစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် နောင်ပါတက်ကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန် ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၁၈ သန်းကိုအသုံးပြုကာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအတွက် ရေတင်အသုံးပြုနိုင်ရန် ရေဒလက်များတည်ဆောက်

လင်းခေး ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ခံကျေးရွာ၌ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအတွက် ရေတင်အသုံးပြုနိုင်ရန် ရေဒလက်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါစုစုလင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါအေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကွန်ခံကျေးရွာ၌ ရေဒလက်လေးစုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၄ သန်းအသုံးပြုပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အေးသူ



ဆင်ပေါင်ဝဲမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီး

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကန်လည်ကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းမှာ အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၈ ဒသမ ၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်းတို့ဖြင့် ယခုလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ကန်လည်ကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိအိမ်ခြေ ၁၂၅ အိမ်မှလူဦးရေ ၆၂၂ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအကျိုးပြုလျက်ရှိကြောင်း သိရသည်။

ငြိမ်းသူ

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်ရေးရာအသိပညာပေးဟောပြော



ဆီဆိုင် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူတော်လူကောင်းများဖြစ်လာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကြွယ်ဝစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် ဘုရားဖြူကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းထောက်ပံ့ပေးအပ်ခြင်းနှင့် အားကစားအသိပညာပေးလက်ကမ်းစာစောင်တို့ကို ဖြန့်ဝေပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကြီးကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ပျဉ်းမကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ကျောက်ရောမြေအမြင့် ၂ ပေနှင့် မြေနီကျောက်စရစ် ၉ လက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၉ သန်းဖြင့် ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၀၉၇ ဦးတို့၏ အကျိုးပြုလယ်ယာစက ၅၀၀ တို့မထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇင်မာ



ဖခင်အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (ငန်းစပ်)တွင်တာဝန်ထမ်းဆောင်နေသော ဒု-လယ်ပြ ဒေါ်ခင်စန္ဒာမြင့် ၉/ဥတာသ(နိုင်)၀၀၅၆၁၈ ၏ဖခင် အမည်မှန်မှာ ဦးမောင်မောင်မြင့်ဖြစ်ပါကြောင်း။

ဦးမောင်မောင်မြင့်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၁)၊ Grade-9 မှ ကျောင်း၀င်အမှတ် D-၇၆၅၀ မသိုဂ်ရွှေစင်၏ဖခင်ဦးမောင်သန်း၏ အမည်မှန်မှာ ဦးသန်း ၈/မသန(နိုင်)၀၇၁၀၇၉၃ ဖြစ်ပါကြောင်း။

ဦးသန်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ အ.ထ.က(၂)၊ Grade-11 မှ မလေးပြည်ဝင်း၏ဖခင် အမည်မှန်မှာ ဦးသိန်းဇော်ထွေး ၉/ကဆန (နိုင်)၁၀၄၂၈၀ ဖြစ်ပါကြောင်း။

ဦးသိန်းဇော်ထွေး

ပျောက်ဆုံးကြောင်း

အိအိစိုး(ဘ)ဦးအောင်ကြည် ၉/မသန(နိုင်) ၁၇၃၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 582906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ဦးစံလှ(ဘ)ဦးသာလှ ၆/ကသန(နိုင်) ၁၁၅၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD983699)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

လင်းလင်းထွန်း(ဘ)ဦးပန်းခိုင် ၁၂/ထတပ (နိုင်)၁၁၁၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၃၄၈၂၂၇

ပျောက်ဆုံးကြောင်း

ဦးအာကာချမ်း(ဘ)ဦးသိန်းနိုင် ၇/ပခန(နိုင်) ၃၈၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၅၃၂၇

ပျောက်ဆုံးကြောင်း

ဒေါ်လွင်လွင်မာ(ဘ)ဦးမြအေး ၁၄/ရုကန(နိုင်) ၁၁၁၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဧရာ၀တီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက် ကုန်စုံလမ်းနေ မောင်လင်းထက် ကျော်(ဘ)ဦးကောင်းမြတ်ဦး ၁၄/ပသန(နိုင်) ၃၇၁၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

ပျောက်ဆုံးကြောင်း

လက်ပံတန်းမြို့နယ်၊ အလယ်စုရွာနေ မအေးမြတ်သူ(ဘ)ဦးစိုးထွန်း ၇/လပတ (နိုင်)၁၈၇၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မမေမာထွန်း(ဘ)ဦးအောင် ထွန်း ၇/ပခန(နိုင်)၃၃၆၃၉၅ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 026356)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၆၅၉၇၇၀

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်[၄(လင)/ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊လမ်းဦးစီးဌာနမှ (၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်)တိုင်းဒေသကြီး အထွေထွေ ပိုလျှံရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူဆောင်ရွက်ခဲ့ရာတွင် လျှောက်လွှာဝယ်ယူမှုမရှိသည့်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် – (၂၇-၁-၂၀၂၅)(ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် – (၃၁-၁-၂၀၂၅)ညနေ(၁၆:၀၀)နာရီထိ

(ဂ) တင်ဒါအာမခံကြေး(PO Cheque) မူရင်းများအား နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် – (၃-၂-၂၀၂၅)ညနေ(၁၆:၀၀)နာရီထိ

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် – ထပ်မံကြေညာပါမည်။

(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် – ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ယခင်(ဟောင်လိတ်)အုပ်စုရှိ မြို့ကွက်သစ်အပိုင်း(၈၂)မှ ရေးဦးမြေပေးမိန့်ရရှိထားသူများ ပိုင်ဆိုင်မှုမှန်ကန်ကြောင်း
စိစစ်အတည်ပြုချက်ရယူနိုင်ရေး အသိပေးအကြောင်းကြားခြင်း

တာချီလိတ်မြို့၊ မြို့ကွက်သစ်အပိုင်း(၈၂)အတွင်း မြေပြင်အကွက်ချပြီးစီးသဖြင့် ရေးဦးမြေပေးမိန့်(မူရင်း)လက်ဝယ်ရှိသူများအား အတည်ပြုအပ်နှံပေးလျက်ရှိရာ အောက်ဖော်ပြပါမြေကွက်အမှတ်ပိုင်ရှင်များမှာ (၂၂-၄-၂၀၂၄)မှ ရက်ပေါင်း(၆၀)အတွင်း လာရောက်ဆက်သွယ်ရန် ကြေညာခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိလာရောက်ဆက်သွယ်ခြင်း မရှိသဖြင့် (၂၇-၁-၂၀၂၅) မှ (၂၇-၂-၂၀၂၅)ရက်နေ့အထိ (တစ်လ)အတွင်း အမြန်လာရောက်ဆက်သွယ်ရန်နှင့် ဆက်သွယ်ခြင်းမရှိခဲ့ပါက အောက်ဖော်ပြပါမြေကွက်များအား တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေကွက်အမှတ်များ

(၁)၄၄၄ (၂)၄၄၃ (၃)၄၀၃ (၄)၅၁၇ (၅)၃၇၂
(၆)၂၀၅ (၇)၂၀၆ (၈)၄၉၂ (၉)၅၀၂

တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ကျောခိုင်၀င်း(ဘ)ဦးတိုး၀င်း ၅/အရတာ(နိုင်) ၀၇၈၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၈၇၇၇၁

ပျောက်ဆုံးကြောင်း

ကျော်ထက်အောင်(ဘ)ဦးကျော်မိုး ၁၄/ကကထ(နိုင်)၁၇၄၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 496122)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၆၇၂၇၀၅၂၇၇

ပျောက်ဆုံးကြောင်း

ဒေါ်တင်ရီ(ဘ)ဦးအိုက်ပေါင်း ၉/မကန(နိုင်) ၀၇၃၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၉၇၆၈၈၈၈

ပျောက်ဆုံးကြောင်း

အိအိခင်ဇော်(ဘ)ဦးခင်ဇော် ၁၂/သဃက (နိုင်)၁၃၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 534816)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၀၉၀၂၇

မိဘအမည်မှန်

ဘီးလင်းမြို့၊အမ.က(လွန်)၊ကကတဲ(ယွန်း)ကျောင်း။ Grade-3 မှ မသွန်း၀တီဦး၏မိဘအမည်မှန်မှာ ဦးနိုင်လင်းဦး ၁၀/ဘလန(နိုင်) ၁၀၆၂၃၀ နှင့် ဒေါ်မေသဇင် ၁၀/ဘလန(နိုင်)၁၁၂၃၉ ဖြစ်ပါကြောင်း။

ဦးနိုင်လင်းဦး-ဒေါ်မေသဇင်

ပျောက်ဆုံးကြောင်း

နော်အက်စတာမင်း(ဘ)ဦးရွှေအောင်မင်း ၃/လသန(နိုင်)၀၀၀၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 166918)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၀၇၇၇

ပျောက်ဆုံးကြောင်း

ကဝမြို့နေ မစန်းစန်းချို(ဘ)ဦးစိန်လှ၀င်း ၇/ကဝန(နိုင်)၁၀၆၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၆၄၄၀၇၀

ပျောက်ဆုံးကြောင်း

အောင်ဇေထွန်း(ဘ)ဦးကြင်းဖေ ၈/ဂဂန(နိုင်) ၁၁၆၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဒေါ်ဇင်နွင်း၀ေ(ဘ)ဦးအေးလွင် ၇/ပခန(နိုင်) ၃၉၀၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

လှဖြင့်(ဘ)ဦးအုန်းမြင့် ၁၂/တမန(နိုင်) ၁၃၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 165601)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

မိဘအမည်မှန်

ညောင်လေးပင်မြို့နယ်၊ အထက(ခွဲ)သံတံတား၊ Grade(10) မှ မခင်သဇင်အောင်၏မိဘအမည်မှန်မှာ ဦးသန့်ဇော်ဝင်း ၇/၁၃ခန(နိုင်)၁၀၂၆၈၅ နှင့် ဒေါ်နီ ရွှေမြင့် ၁၀/ကထန(နိုင်)၁၃၄၄၅၅ ဖြစ်ပါကြောင်း။

ဦးသန့်ဇော်ဝင်း-ဒေါ်နီရွှေမြင့်

မိဘအမည်မှန်

ညောင်လေးပင်မြို့နယ်၊ အထက(ခွဲ)သံတံတား၊ Grade(10) မှ မမိုးပြည့်ပြည့်လှိုင်၏မိဘအမည်မှန်မှာ ဦးထွန်းလွင် ၇/ညလပ(နိုင်) ၁၄၈၆၆ နှင့် ဒေါ်သီရိဝင်း ၇/ညလပ(နိုင်)၂၀၄၃၄ ဖြစ်ပါကြောင်း။

ဦးထွန်းလွင်-ဒေါ်သီရိဝင်း

ပျောက်ဆုံးကြောင်း

မြမင်းကြူ(ဘ)ဦးသောင်းထိုက် ၁၄/မအန (နိုင်)၂၇၂၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ခင်မောင်ဝင်း(ဘ)ဦးခင်ဝင်း ၁၂/သကတ(နိုင်) ၀၂၉၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

အိမွန်စိုး(ဘ)ဦးစိုးမြင့်သန်း ၈/ဂဂန(နိုင်) ၀၉၉၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA 028703)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဒေါ်ဦးခိုင်ရန့(ဘ)ဦးဖြူလှမောင်၁၂/အစန(နိုင်) ၂၂၀၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 692189)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၅၄၃၂၂၂

စာပေမြင့်မှ လူမျိုးတင့်မည်

ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့၊ ဂျိုပင်ရွာနေ ပြည့်ဖြိုးအောင်(ဘ)ဦးပု ၇/ညလပ(နိုင်)၂၃၃၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဒကွိဏာသီရိမြို့နယ်၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ မောင်ငြိမ်းချမ်းမိုး (ဘ)ဦးတင် ၉/ဒခသ(နိုင်)၀၀၄၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 274897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၈၇၉၄၅၅





ပရီးမီးယားလိဂ်ပွဲစဉ်(၂၃) စပိန်လာလီဂါပွဲစဉ်(၂၁)နှင့် အီတလီစီးရီးအေပွဲစဉ်(၂၂)ပွဲကြိုသုံးသပ်ချက်



မန်စီးတီး Vs ချယ်လ်ဆီး

ကစားမည့်ရက်/အချိန်
(၂၅-၁-၂၀၂၅ ည ၁၂:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ချယ်လ်ဆီး ၀ - ၂ မန်စီးတီး
မန်စီးတီး ၄ - ၂ ချယ်လ်ဆီး
မန်စီးတီး ၁ - ၀ ချယ်လ်ဆီး
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
မန်စီးတီး ဝေး(သရေ) ဝေး(နိုင်) ဝေး(ရှုံး)
ချယ်လ်ဆီး အိမ်(နိုင်) အိမ်(သရေ) အိမ်(နိုင်)

မန်စီးတီးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်နေရတယ်ဆိုပေမယ့် ချယ်လ်ဆီးအသင်းကို အိမ်ကွင်းမှာ လက်ခံကစားရတိုင်း ရလဒ်ကောင်းလေ့ရှိပါတယ်။ မန်စီးတီးအသင်းက လိုအပ်နေတဲ့ နေရာတွေအတွက် ကစားသမားသစ်တွေ ခေါ်ယူ အင်အားဖြည့်တင်းထားလို့ ကစားသမားသစ်တွေရဲ့ စွမ်းဆောင်ရည်ပိုင်းကို စောင့်ကြည့်သွားရမှာပါ။ မန်စီးတီးအသင်းရဲ့ ဒီဘောလုံးရာသီ ပရီးမီးယားလိဂ် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်ရမယ်ဆိုရင် ၁၀ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကျေနပ်စရာရှိပါတယ်။ မန်စီးတီးအသင်း အဆင့်(၄)နေရာအတွင်း ဝင်ရောက်ဖို့အတွက်ဆိုရင် လက်ကျန်အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ပြည့်ရရှိဖို့ လိုအပ်နေပါတယ်။ မန်စီးတီးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမယ့် အိမ်ကွင်းမှာ ချယ်လ်ဆီးအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

ချယ်လ်ဆီးအသင်းကလည်း နောက်ပိုင်းပရီးမီးယားလိဂ်ပွဲစဉ်တွေမှာ အနည်းငယ်ပြန်လည်ရုန်းကန်နေရပြီး ခံစစ်ပိုင်းက အမှားအယွင်းများနေပါတယ်။ ချယ်လ်ဆီးအသင်းက နောက်ဆုံးကစားခဲ့တဲ့ ဝုဗ် အသင်းနဲ့ပွဲစဉ်မတိုင်ခင် ပရီးမီးယားလိဂ် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့အထိကို ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပါတယ်။ ဒါပြင် ချယ်လ်ဆီးအသင်းက နောက်ပိုင်းနှစ်တွေမှာ မန်စီးတီးအသင်း လာရောက်ကစားရတိုင်းရုန်းကန်ရလေ့ရှိနေပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲမှာ ၂၀၂၁ ခုနှစ် မေလက အနိုင်ရရှိပြီ နောက်ပိုင်းမှာ သုံးနှစ်ကျော်တဲ့အထိ မန်စီးတီးအသင်းကို အနိုင်ရရှိခြင်းမရှိတော့တဲ့အထိ ရုန်းကန်နေရတာကို သတိပြုရမှာပါ။ ချယ်လ်ဆီးအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ် အဝေးကွင်း ၁၁ ပွဲမှာ ခြောက်ပွဲအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက အားရစရာအနေအထားမှာ မရှိသလို နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းသုံးပွဲ ဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့အထိ ပုံစံကောင်းပျောက်ဆုံးနေပါတယ်။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ မန်စီးတီးအသင်းက ၂၅ ကြိမ်အနိုင်ရရှိထားပါတယ်။ ချယ်လ်ဆီးအသင်းက ၁၂ ကြိမ်အနိုင်ရရှိပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် လက်ရှိ ခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ အိမ်ကွင်းဆိုရလဒ်ကောင်းလေ့ရှိတဲ့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- မန်စီးတီး ၃ - ၂ ချယ်လ်ဆီး

အက်သလက်တီကို Vs ဗီလာရီးယဲလ်

ကစားမည့်ရက်/အချိန်
(၂၅-၁-၂၀၂၅ ည ၉:၄၅ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဗီလာရီးယဲလ် ၂ - ၂ အက်သလက်တီကို
ဗီလာရီးယဲလ် ၁ - ၂ အက်သလက်တီကို
အက်သလက်တီကို ၃ - ၁ ဗီလာရီးယဲလ်
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အက်သလက်တီကို ဝေး(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)
ဗီလာရီးယဲလ် ဝေး(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)

အက်သလက်တီကိုအသင်းက ပြီးခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ လီဂါနက်စ်အသင်းကို ရှုံးနိမ့်ပြီး နောက် အမှတ်ပေးဇယားအဆင့်(၁)နေရာမှဆင်းပေးခဲ့ရလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ပြင်ဆင်လာမှာပါ။ အက်သလက်တီကိုအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၇ ပွဲမှာ လီဂါနက်စ်အသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ပြီး ကျန်ပွဲစဉ်အားလုံးကို အနိုင်ရရှိတဲ့အထိ စွမ်းဆောင်ရည်ကောင်းတွေ ပြသထားပါတယ်။ အက်သလက်တီကိုအသင်းက ဒီဘောလုံးရာသီ စပိန်လာလီဂါအိမ်ကွင်း ၁၀ ပွဲကစားပြီးချိန်မှာ တစ်ပွဲမှ ရှုံးနိမ့်ထားခြင်းမရှိသေးဘဲ ရှစ်ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ အက်သလက်တီကိုအသင်းအတွက် စပိန်လာလီဂါချန်ပီယံဆုအတွက် မျှော်လင့်ချက်ကလည်းရှိနေလို့ အိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြည့်ရယူနိုင်ဖို့အတွက် အမှားခံမှာ မဟုတ်ပါဘူး။

ဗီလာရီးယဲလ်အသင်းရဲ့ ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုမရှိသေးဘဲ ရုန်းကန်နေရသလို နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါပြင် ဗီလာရီးယဲလ်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိဘဲ စပိန်လာလီဂါအဝေးကွင်း ၁၀ ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားပါတယ်။ ဗီလာရီးယဲလ်အသင်းက ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသေးတယ်ဆိုပေမယ့် အဝေးကွင်းမှာ ဂရစ်မန်းနဲ့ အယ်ဗာရက်ဇ်တို့ဦးဆောင်လာမယ့် အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့အတွက်ကတော့ မဖြစ်နိုင်ပါဘူး။ ဒါပြင် လက်ရှိ ဗီလာရီးယဲလ်အသင်းခံစစ်ပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေလို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရနိုင်ပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အက်သလက်တီကိုအသင်းက ၁၀ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗီလာရီးယဲလ်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိပြီး ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ တွေ့ဆုံမှုအပိုင်းအရ ကွာခြားမှုမရှိဘူးဆိုပေမယ့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အက်သလက်တီကို အသင်းပဲ အိမ်ကွင်းမှာနိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်-အက်သလက်တီကို၃-၁ ဗီလာရီးယဲလ်

နာပိုလီ Vs ဂျူဗင်တပ်စ်

ကစားမည့်ရက်/အချိန်
(၂၅-၁-၂၀၂၅ ည ၁၁:၃၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဂျူဗင်တပ်စ် ၀ - ၀ နာပိုလီ
နာပိုလီ ၂ - ၁ ဂျူဗင်တပ်စ်
ဂျူဗင်တပ်စ် ၁ - ၀ နာပိုလီ
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
နာပိုလီ ဝေး(နိုင်) အိမ်(နိုင်) ဝေး(နိုင်)
ဂျူဗင်တပ်စ် ဝေး(သရေ) အိမ်(နိုင်) ဝေး(သရေ)

နည်းပြကွန်တီရဲ့နာပိုလီအသင်းက စီးရီးအေပြိုင်ပွဲမှာ ပြီးခဲ့တဲ့ ဒီဧင်ဘာလက လာဇီယိုအသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း ရလဒ်တွေဆက်တိုက်ကောင်းမွန်လာခဲ့ပြီး စီးရီးအေငါးပွဲဆက် ပြန်လည်အနိုင်ရရှိခဲ့ကာ ချန်ပီယံလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ နာပိုလီအသင်းက ပြီးခဲ့တဲ့ အတ္တလန္တာအသင်းနဲ့ပွဲစဉ်မှာလည်း အနိုင်ရရှိပြီးတော့ အတ္တလန္တာအသင်းကို ခုနစ်မှတ်ဖြတ်ထားနိုင်ခဲ့သလို အဆင့်(၂)နေရာက အင်တာမီလန်အသင်းကိုလည်း သုံးမှတ်ဖြတ်တောက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးကိုပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။ နာပိုလီအသင်းက ဒီဘောလုံးရာသီစီးရီးအေအိမ်ကွင်းငါးပွဲမှာ သုံးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲရှုံးနိမ့်ထားပါတယ်။

ဂျူဗင်တပ်စ်အသင်းကတော့ ဒီဘောလုံးရာသီ စီးရီးအေပြိုင်ပွဲမှာ ရှုံးပွဲမရှိသေးဘူးဆိုပေမယ့် ရလဒ်ပိုင်းတော့ အားရစရာမရှိဘဲ သရေရလဒ်တွေများပြားနေတာကို သတိထားရမှာပါ။ ဂျူဗင်တပ်စ်အသင်းရဲ့ စီးရီးအေအဝေးကွင်း ၁၀ ပွဲမှာ လေးပွဲအနိုင်ရရှိပြီး ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိသေးလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ရုန်းကန်ရနိုင်ပါတယ်။ ဒါပြင် ဂျူဗင်တပ်စ်အသင်းရဲ့ ခံစစ်ပိုင်းကလည်း လိုအပ်ချက်တွေများနေလို့ နာပိုလီအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက်တော့ ခက်ခဲမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဂျူဗင်တပ်စ်အသင်းက ၁၆ ကြိမ်အနိုင်ရရှိထားပါတယ်။ နာပိုလီအသင်းက ၁၃ ကြိမ်အနိုင်ရရှိပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ အိမ်ရှင်အားသာချက်ရော နာပိုလီအသင်းက အသာစီးမှာရှိနေလို့ နာပိုလီအသင်းပဲနိုင်ပွဲဆက်သွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - နာပိုလီ ၂ - ၁ ဂျူဗင်တပ်စ်

ပရီးမီးယားလိဂ်ပွဲစဉ်(၂၃)

ဘုန်းမောက် - နော်တင်ဟမ်
ဘရိုက်တန် - အဲဗာတန်
လီဗာပူး - အစ်ဖ်စ်ချ်
ဆောက်သမ်တန် - နယူးကာဆယ်
ဝုဗ် - အာဆင်နယ်

စပိန်လာလီဂါပွဲစဉ်(၂၁)

မာယော့ကာ - ဘတ်တစ်
ဆီဗီလာ - အက်စ်ပန်ညို
ဗယ်လ်လာဒိုလစ် - ရီးယဲလ်မက်ဒရစ်

အီတလီစီးရီးအေပွဲစဉ်(၂၂)

ကိုမို - အတ္တလန္တာ
အမ်ပိုလီ - ဘိုလော့ဂ်နာ

စည်သူအောင်



စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခန္ဓီးခရိုင် ခန္ဓီးမြို့နယ်အတွင်း မယ်ပုတ်-ကျားကိုက်-မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင် အနက် ၄ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပိုင်းပေါ်တွင် Box Culvert ရှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပြီးစီးမှုများကို ခန္ဓီးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ Z.CO ကုမ္ပဏီမှ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာတို့နှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းပိုင်း ဆောင်ရွက်ပြီးပါက ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိကျေးရွာ ၁၃ ရွာမှ ကျေးရွာနေပြည်သူ ၃၆၅၀ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသ၏လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးဗီဒီယိုများထုတ်လုပ်၍ တောင်သူလယ်သမားများနှင့် အများပြည်သူစိတ်ဝင်စားမှုရှိစေရန် ထိထိရောက်ရောက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည်



နေပြည်တော် ဇန်နဝါရီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးဗီဒီယိုများထုတ်လုပ်၍ တောင်သူလယ်သမားများနှင့် အများပြည်သူစိတ်ဝင်စားမှုရှိစေရန် ထိထိရောက်ရောက်နည်းပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများနှင့်စိုက်ပျိုးရေးပညာရှင်များအကြား၊ မွေးမြူရေးနှင့် မွေးမြူရေးပညာရှင်များ၊ ငါးမွေးမြူထုတ်လုပ်သူများနှင့် ငါးမွေးမြူရေးပညာရှင်များအကြား ကွက်လပ်ကျန်မရှိစေရေး ထိရောက်စွာ နည်းပညာမျှဝေပေးရန်၊ သင်ကြားလမ်းညွှန်မှုဆိုင်ရာ ဗီဒီယိုရိုက်ကူးထုတ်လုပ်၍ မီဒီယာပလက်ဖောင်းအသီးသီးမှ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ကွင်းဆက်တစ်လျှောက်ပါဝင်ကြသည့် Stake Holder များ၊ တောင်သူလယ်သမားများအား အသိပညာပေးဆောင်ရွက်နိုင်ကြရေး အိတ်သွန်ဖာမှောက် ကြိုးစားလုပ်ဆောင်ကြရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တိုက်တွန်းပြောကြားထားသည်။

ယနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ “သင်ကြားလမ်းညွှန်မှု ဗီဒီယို (Instructional Video) ရိုက်ကူးထုတ်လုပ်နည်း” သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် နည်းပညာပေးဗီဒီယိုရိုက်ကူးထုတ်လုပ်ခြင်းနှင့် ကင်မရာအသုံးပြုနည်း၊ ဒစ်ဂျစ်တယ်ဗီဒီယိုတည်းဖြတ်ခြင်း နည်းပညာ၊ နောက်ခံစကားပြောခြင်းနှင့် တင်ဆက်သူ၏ အခန်းကဏ္ဍ၊ အွန်လိုင်းတွင် လွှင့်တင်ခြင်း၊ လက်တွေ့ဇာတ်ညွှန်းရေးခြင်းတို့ကို သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘားအံမြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးပေး

ဘားအံ ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို သတ္တမအကြိမ်အဖြစ် ယနေ့တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက တံတားဦးကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၆၀ ကို တစ်ဦးချင်းလက်ဝယ်အရောက်အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

ကိုသက်

ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ကော့သောင်း ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာရေးနှစ်တွင် ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လိုအပ်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မြဃမုံဖူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘန်းကချွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လက်တူးတွင်းပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးနှင့်ရေသန့်စင်စက်တပ်ဆင်နိုင်မည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ခရိုင်ဦးစီးမှူးဒေါ်စန္ဒာဝင်းက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာမှတာဝန်ရှိသူများကို လာမည့်ဘဏ္ဍာရေးနှစ်တွင် လက်တူးတွင်းပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘန်းကချွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် လက်တူးတွင်းပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန် မြေပြင်အခြေအနေများကို လုပ်ငန်းများမစတင်မီကတည်းက ကြိုတင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းဖြစ်ကြောင်းသိရသည်။ **နွဲ့ယဉ်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ပုံတော	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၃၀	၃၂၄၅	၃၂၁၀	၃၁၄၅	၃၂၅၀	၃၂၆၅	၃၂၈၅	၃၂၀၀	၄၅၈၅	၃၄၉၅	၃၂၂၀	၃၂၂၀	၃၂၆၀	၃၂၅၅	၃၂၇၅	၃၅၃၅	၄၁၀၀
95 Ron	၃၂၀၀	၃၃၁၅	၃၂၈၀	၃၂၁၅	၃၃၂၀	၃၃၃၅	၃၃၅၀	၃၂၇၀	၄၅၆၀	၃၅၆၅	၃၂၆၀	၃၂၆၀	၃၃၆၀	၃၃၂၅	၃၃၄၅	၃၆၀၅	၄၂၅၀
HSD (500 ppm)	၂၈၆၅	၂၉၀၀	၂၉၄၅	၂၈၀၀	၂၉၀၅	၃၀၀၀	၃၀၂၀	၂၉၄၅	-	၃၂၃၀	၂၉၄၅	၂၉၄၅	၃၀၂၅	၂၉၉၀	၃၀၁၀	၃၂၇၀	၄၁၀၀
HSD (50 ppm)	၃၁၂၅	၃၀၆၅	၃၀၆၀	၃၁၃၅	၃၀၆၀	၃၀၆၅	၃၀၆၅	၃၁၀၅	၄၈၃၀	၃၈၈၅	၃၀၆၀	၃၀၆၀	၃၀၆၀	၃၀၆၅	၃၀၆၀	၃၈၂၅	-
HSD (10 ppm)	၃၁၂၅	၃၀၆၅	၃၀၆၀	၃၁၃၅	၃၀၆၀	၃၀၆၅	၃၀၆၅	၃၁၀၅	-	၃၈၈၅	၃၀၆၀	၃၀၆၀	၃၀၆၀	၃၀၆၅	၃၀၆၀	၃၈၂၅	-

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၅၅၇	၃၀၅၀
95 Ron	၃၀၂၅	၃၁၁၉
HSD (500 ppm)	၂၇၈၁၁	၂၇၈၄၄
HSD (50 ppm)	၃၃၃၇	၃၄၃၃
HSD (10 ppm)	၃၃၃၇	၃၄၃၃


တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇန်နဝါရီလ ၂၂ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥပဒေရှိရင်၊ ဥပဒေရာသီရှိမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၉၈၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၇၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်၊ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၄၆)တန်၊ သစ်မာ (၅ ဒသမ ၂၈၉)တန်၊ အခြားသစ် (၂၂ ဒသမ ၉၃၈)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၁၂၇၃)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၆၈၈)တန်၊ အခြားသစ် (သုည ဒသမ ၀၂၃)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၈၇၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ (၁ ဒသမ ၅၅၆)တန်၊ အခြားသစ် (သုည ဒသမ ၅၃၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၁၆၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်၊ ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

Hijet Pick Up မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၉၅၃၇၀၆၄၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ TTC ကျောင်းရှေ့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ထီလုံမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် (၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၈၆၀၅)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၂၅၁၂)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၃၀၃၀၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၇၉၆၅၅၃၃၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် တရားဝတ်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၉၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၂၅၁၂)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၃၀၃၀၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၇၉၆၅၅၃၃၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး(၁)ဦး သေဆုံးပြီး အဆောက်အဦတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



ဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇန်နဝါရီ ၂၄

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့ပေါ်သို့ ဇန်နဝါရီလ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး (၁)ဦး သေဆုံးပြီး အဆောက်အဦတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒဏ်ရာများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသားဖန်တီးလျက်ရှိကြောင်း တွေ့ရှိရသည်။

မိုးအနည်းငယ်ရွာနိုင်

၂၅-၁-၂၀၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဧလ)



အောင်ကျော်လင်းနှင့် မဇာဇာဖြိုး(ခ)မဇာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မင်္ဂလာဒုံနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၄


မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၂၂ ရက် မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ တွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်းရှိ ကားဂိတ်တွင် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်နှင့် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ အောင်ကျော်လင်းနှင့်မဇာဇာဖြိုး(ခ)မဇာတို့အားစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်ပန်ကြူကျေးရွာအုပ်စု ဝင်းဘိုကျေးရွာအနီးတွင် အေးကျ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်သက်တာလုံးကြံ့ခိုင်ဖို့

RHINO

သုံးကြစို့...

ထုတ်လုပ်ရှသက်တမ်း (၂၀) နှစ်ငကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။



PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N

ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၂၊ ၀၉ ၄၂၈၇၃၀၉၉၃၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



'၃ဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၁၄၇၁၅၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking Services and i Banking Services
- Foreign Banking Services





Phone: (01) 2301367, 2301368, 2301452, 2301378

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟလါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဗျာပုံမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

စာ - ၁၂ သို့



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ္မကား တောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၃၂၇)ကေ တည်ထောင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ (၃၂၇) ကေကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အတွက် **"ရှိမ္ဗကား တောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂ /၂၀၂၅) အရ ၁၃ဇဖ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀)ရက် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)မှစတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ ❖

MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း နိုင်ပွဲပြန်ရပြီး ရတနာပုံအသင်း နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) ပထမနေ့ကို ယနေ့တွင်ကျင်းပရာ မဟာယူနိုက်တက်အသင်း နိုင်ပွဲပြန်ရပြီး ရတနာပုံအသင်း နိုင်ပွဲဆက်ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ◆



၂၄-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



အောင်သစ္စာဦးအငွေငွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563